
ဗင်းမြတ်သူရ
ရွှေနန်းတော်သို့သွားရာလမ်း

(၁)

ဘုရားက

မိမိကိုယ်သာ ကိုးကွယ်ရာလို့

ဟောခဲ့ပေမဲ့

လူတွေဟာ

ဘုရားရှေ့မှာ

မဆောနိုင် မပန်းနိုင်

ဆုတောင်းနေတုန်းပဲ။

ချမ်းမြေ့သရဖီလှိုင်

ရတနာသေတ္တာကြီးကို

ဖင်ခုထိုင်ပြီး

မသုံးရက်ဘူးဆိုရင်

ဥစ္စာစောင့်နဲ့ ဘာထူးမှာလဲ။

ချမ်းမြေ့သရဖီလှိုင်

ဧရာဝတီမြစ်နှင့် မနီးမဝေးရှိ မြို့ရွာများ၌ မြောင်းဘုရားပွဲကြီး ကျင်းပရန် ရက်နီးကပ် နေသဖြင့် ဘုရားပွဲ သွားရောက်ရန် လူများလှုပ်လှုပ်ရွရွ ဖြစ်နေကြ၏ ။

မြောင်းမြမြို့သို့ စစ်ကိုင်းမုံရွာကားလမ်းအတိုင်း သွားရပြီး မြင်းမူ မြို့ကိုလွန်လျှင် ဘယ်ဘက်သို့ ချိုးဝင်ရ၏ ။ မြောင်းမြို့သည် ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ထားသော မြို့ဖြစ် သဖြင့် မြောင်းဘုရားပွဲသို့ ရေလမ်း၊ ကုန်းလမ်းများမှ လာရောက်ကြလေ၏ ။

မြောင်းဘုရားပွဲကြီးကို စည်ကားလွန်းသဖြင့် ဈေးဘုရားပွဲကြီးဟူ၍ ပင် ခေါ်ကြ၏ ။ ဘုရားပွဲသို့ ကုန်းလမ်းမှ ကားများ လှည်းများနှင့် လာရောက်ကြသလို ဧရာဝတီနှင့် ချင်းတွင်းမြစ်ရိုးမှ လှေ၊ သမ္ဗန်၊ မော်တော်များနှင့်လည်း လာရောက်လေ့ရှိကြ၏ ။

ထို့ကြောင့် ပွဲတော်ကျင်းပသည့်အချိန်၌ ဧရာဝတီမြစ်အတွင်း မြောင်းမြို့တောင်ဘက်မှ ဘုရားခြေတော်ရင်းအထိ လှေနံချင်း ထိစပ်အောင် စိုက်ကပ်ထားကြ၏ ။

ဆယ်နှစ်ပွဲဈေးသည်တန်းများလည်း ငှက်ပျောတန်း ဖက်တန်း အထည်တန်း အိုးခွက်တန်း၊ သနပ်ခါးတန်း၊ အစားအသောက်တန်း စသည်ဖြင့် သူ့အတန်းနှင့်သူ တစ်စီတစ်တန်းကြီး ရှိနေကြ၏

မြောင်းဘုရားပွဲသို့ ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် ဇာတ်ပွဲအငြိမ့်ပွဲ၊ ဆပ်ကပ်ပွဲ မျက်လှည့်ပွဲ စသည်ဖြင့် ပွဲလမ်းသဘင်များလည်း ခင်းကျင်းလေ့ရှိ၏ ။

ဘုရားပွဲသို့ ရောက်လာသော အနီးအနားမြို့ရွာများမှ လှည်း ဝိုင်းကြီးများသည် ဘုရားပွဲ ကျင်းပရာ ကွင်းပြင်ကြီး၌ ကြက်ပျံမကျ စည်ကားလေ၏ ။

ဘုရားဖူးများသည် လှည်းဝိုင်းကြီးများ၏ နံဘေး၌ ပင်

ကိုယ့်အစုနှင့်ကိုယ် အိပ်စက်ကြ၏။

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်များမှ၊ လှေလမ်းခရီးနှင့် လာရောက်ကြသော ဘုရားဖူးများက လည်း လှေပေါ်တွင် လည်းကောင်း၊ အနီးပတ်ဝန်းကျင်၌ လည်းကောင်း ချက်ပြုတ်စားသောက်ကြ လေ၏။

မြောင်ဘုရားပွဲသို့ လာရောက်ကြသော ဘုရားဖူးများသည် ရွှေပေါ်ကျွန်းဘုရားပေါ်သို့ တက်ရောက်ဖူးမျှော်ကြ၏။ ဈေးဘုရားပွဲဟု ခေါ်ဆိုအပ်သော ပွဲဈေးတန်းကြီးအတွင်း လှည့်လည် ကြည့်ရှုကြ၏။

ဘုရားဖူးများသည် တစ်နှစ်ပတ်လုံး စုဆောင်းထားသော ငွေစကြေးစများကို ဈေးဘုရားပွဲ ကြီး၌ ဖောဖောသီသီ သုံးစွဲကြ၏။ ထိုသို့သုံးစွဲနိုင်ရန်အတွက်လည်း သူတို့အားလုံး မစားရက် မသောက်ရက် စုဆောင်းထားခဲ့ကြ၏။

မြောင်မြို့အနီးပတ်ဝန်းကျင် မြို့ရွာရှိလူများ၏ စိတ်ကူးယဉ်အိပ်မက်မှာ မြောင်ဘုရားပွဲကြီး၌ ပျော်ပျော်ပါးပါး ဆင်နွှဲရန် ဖြစ်၏။

မြောင်ဈေးဘုရားပွဲကြီး၌ ဝယ်ယူရန် ပစ္စည်းစာရင်းကို သူတို့ တစ်နှစ်လုံး စိတ်ကူးယဉ်ခဲ့ ကြ၏။

သူတို့၏ တစ်နှစ်တာ ပင်ပန်းနွမ်းနယ်သမျှသည် မြောင်ဘုရားကြီးသို့ လာရောက်ခွင့်ရလျှင် ပြေပျောက်သွားခဲ့သည်သာ ဖြစ်၏။

ထိုဒေသဝန်းကျင်ရှိ လူအများ၏ စကားဝိုင်းများတွင် မြောင် ဘုရားပွဲအကြောင်း အမြဲပါရှိ၏။

မြောင်ဘုရားပွဲ၌ ဖူးစာဆုံ သူတို့အကြောင်း၊ မြောင်ဘုရားပွဲ၌ ကြုံရသော ရန်ပွဲများအ ကြောင်း၊ ပျော်စရာ၊ ရွှင်စရာများ၊ ဝယ်စရာ၊ခြမ်းစရာများအကြောင်းကို မမောနိုင် မပန်းနိုင် ပြောဆို ကြ၏။

ထို့ကြောင့် မြောင်ဘုရားပွဲတော်ကြီးသည် အနီးပတ်ဝန်းကျင်မြို့ရွာရှိ လူများအတွက် ပျော်ရွှင်ဖွယ်ပွဲတော်ကြီးပင် ဖြစ်တော့၏။

မြောင်ဘုရားပွဲကြီး ကျင်းပရာအရပ်နှင့် မနီးမဝေးမြို့ရှိမြို့စွန်းတွင် လွှန်စွာကျယ်ဝန်းသော ခြံကျယ်ကြီးတစ်ခြံရှိ၏။

ထိုခြံကျယ်ကြီး၏ အလယ်တွင် ကျွန်းအိမ်မည်းကြီးတစ်လုံး ထည်ထည်ဝါဝါ ရှိနေ၏။ ကျွန်း အိမ်မည်းကြီး၏ ပိုင်ရှင်မှာ ဒေါ်မမကြီးဆိုသော အလွန်ခေတ်ဆန်သည့် မိန်းမကြီးဖြစ်၏။

ဒေါ်မမကြီး၏ ယောကျာ်းသည် အရေးပိုင်ကြီးတစ်ယောက်ဖြစ်ပြီး ယခုအချိန်တွင် သေဆုံးခဲ့ ပြီးဖြစ်၏။ ဒေါ်မမကြီး၌ သီတာ၊ ဥမ္မာ၊ မာလာဆိုသော သမီးဆိုး သုံးယောက်ရှိ၏။

ဒေါ်မမကြီးက ထိုသမီးများအား ငယ်ရွယ်စဉ်ကပင် ပညာပြည့်စုံအောင် သင်ကြားပေး၏။

သို့သော်မိန်းမဆိုးသုံးယောက်သည် ပညာရေးကို စိတ်မဝင်စားဘဲ လေးတန်းစားမေးပွဲကို ပင် အကြိမ်ကြိမ် ကျရှုံးနေသဖြင့် အရေးပိုင်ကတော်ကြီးသည် သမီးသုံးယောက်ကို ပညာသင်ပေး ရန် လက်လျှော့လိုက်ပြီး ယောကျာ်းပေးစားရန်သာ ကြံစည်လေတော့၏။

ဒေါ်မမကြီး၏ သမီးသုံးယောက်သည် ရုပ်ရည်အသင့်အတင့်ရှိသော်လည်း မိခင်ဖြစ်သူက လင်စံအရွေးလွန်နေသဖြင့် ယနေ့ထက်တိုင် ယောကျာ်းမရနိုင်သေးဘဲ ရှိနေ၏။

၎င်းတို့မိသားစုသည် နှစ်စဉ် မြောင်ဘုရားပွဲသွားသော်လည်း လွန်ခဲ့သောနှစ်က ဒေါ်မမကြီး နေမကောင်းသဖြင့် မသွားရောက်နိုင်ခဲ့ချေ။

ထို့ကြောင့် ယခုနှစ် မြောင်ဘုရားပွဲသွားရောက်ရန် ၎င်းတို့မိသားစု

အလွန်စိတ်အားထက် သန်နေကြ၏။ ညီအစ်မသုံးယောက်သည် ဘုရားပွဲသို့ သွားရောက်ရန် ကြိုတင်ပြင်ဆင်ကြလေ၏

သူမတို့မိသားစု ငွေရေးကြေးရေး ချောင်လည်သူများ ဖြစ်သဖြင့် ဘုရားပွဲတွင် သုံးစွဲရန် ငွေ ကြေး ပြည့်ပြည့်စုံစုံရှိ၏။

ဘုရားပွဲတွင် ဂုဏ်တုဂုဏ်ပြိုင် ဝတ်ဆင်ရန် ကောင်းပေ့ညွန့်ပေ့ဆိုသော အဝတ်အထည်များ ကို ဝယ်ယူကြ၏။ ပိတ်စများကို အချိန်မီ ချုပ်နိုင်ရန်အတွက် စက်ချုပ်ဆရာ အဘိုးကြီးတစ်ဦးကို အိမ်သို့ခေါ်ယူထားလေ၏။

စက်ချုပ်ဆရာအဘိုးကြီးသည် လက်လှည့်အပ်ချုပ်စက်ကလေးကို လှည့်၍ ညီအစ်မများအ လိုကျ တကုတ်ကုတ် ချုပ်ပေးရလေ၏။

ဘုရားပွဲတော်တွင် စားသောက်ရန်အတွက် ငါးခြောက်၊ငါးခြမ်းများကို ကြိုတင်ဝယ်ယူ၍ ချက်ပြုတ်ရန် စီမံကြ၏။ လှည်းကြီးကြီးများ ဝိုင်းဖွဲ့ပြီး စားသောက်ရာတွင် ဂုဏ်ရည်ဂုဏ်ပြိုင် စား သောက်နိုင်ရန် လိုအပ်၏။

ဒေါ်မကြီးသည် လှည်းဝိုင်းများကြားတွင် ဟင်းခွက်အများဆုံး စားသောက်နိုင်သူအဖြစ် လွန်စွာဂုဏ်ယူ၏။

ထို့ကြောင့် ငါးခြောက်ကြော်၊ အသားခြောက်ကြော်၊ ငါးပိကြော်၊ ငံပြာရည်ကြော်များသာမ က ထန်းလျက်၊ဇီးယို၊ ဒူးရင်းယို စသည့် အချိုပွဲများကိုလည်း စုံလင်အောင် ယူဆောင်ခဲ့၏။

ထို့ပြင် ဘုရားပွဲတော်အတွင်း လှည်းဝိုင်းများစုပြီး စားသောက်ရာ၌ မြေကြီးပေါ်တွင် ခင်း ကျင်းပရန် ဖျာ၊ ကော်ဇော စသည်တို့လည်း လိုအပ်သေး၏။

ထို့ကြောင့် ဒေါ်မကြီးတို့ လှည်းယဉ်ပေါ်တွင် ယူဆောင်ရမည့် ပစ္စည်းများမှာ အလွန်များ ပြားလှ၏။ ဤမျှ များပြားသော ပစ္စည်းများကို သယ်ရန်ဆောင်ရန်အတွက် အလုပ်ရှုပ်နေသူများမှာ ဒေါ်မကြီးတို့

သားအမိမဟုတ်ဘဲ ဆယ်ကျော်သက်အရွယ်မိန်းမငယ်တစ်ဦးသာ ဖြစ်၏။

သူမ၏ အမည်မှာ မမြလေးဟူ၍ ဖြစ်ပြီး မမြလေးသည် ဒေါ်မမကြီး၏ တူမအရင်းခေါက် ခေါက်ဖြစ်၏။ သို့သော် ဒေါ်မမကြီးသည်တူမအရင်းကိုပင် ကျွန်တစ်ဦးကဲ့သို့ ထားရှိ၏။

မမြလေး၏ မိဘများရှိစဉ်က ရွာဦးကျောင်း၌ ပညာသင်ယူခဲ့ဖူး၏။ မမြလေး၏ ဉာဏ်ရည် ထက်မြက်မှုကြောင့် ဆရာတော်နှင့် ဦးမဠင်းများကပင် ချီးမွမ်းခဲ့ဖူး၏။

သို့သော် ဒေါ်မမကြီးတို့မိသားစုသည် မမြလေးကို ကျောင်းထားခြင်းမပြုဘဲ အိမ်၌ သာ ကျွန်တစ်ယောက်ကဲ့သို့ ခိုင်းစေခဲ့၏။

ညီအစ်မသုံးယောက်သည် စိတ်သဘောထားယုတ်ညံ့သူ များဖြစ်သဖြင့် မမြလေးကို ညီမ တစ်ယောက်ကဲ့သို့ သဘောမထားဘဲ အစဉ်အမြဲ နိုင်ထက်စီးနင်းပြု၏။

မည်သို့ပင်ဖြစ်စေ မမြလေးသည် စိတ်နှလုံးကောင်းသူဖြစ်သဖြင့် မိန်းမယုတ်သုံးယောက်၏ နိုင်ထက်စီးနင်းပြုမှုများကို ဗွေမယူဘဲ ကောင်းမွန်စွာ လုပ်ကျွေးပြုစု၏။

ထို့ကြောင့်ပင် မမြလေးသည် ညီအစ်မများ၏ အိမ်တော်ပါကျွန်းတစ်ဦးကဲ့သို့ နေထိုင်ရ၏။ မမြလေးသည် ညီအစ်မများ၏ အလုပ်ကို မနက်အရုဏ်တက်အချိန်မှစ၍ ညသန်းခေါင်အချိန်ထိ လုပ်ရ၏။

ဤကဲ့သို့ ညီအစ်မများ၏ အလုပ်ကို ပင်ပန်းကြီးစွာ လုပ်ကိုင်ရသော်လည်း မည့်သည့်အခါမျှ မျက်နှာသာပေးခြင်း မခံရချေ။ ညီအစ်မများ၏ ရိုင်းစိုင်းစွာ ဆူပူကြိမ်းမောင်းခြင်းကို အစဉ်အမြဲ ခံရ၏။

ထို့ပြင် ဒေါ်မမကြီးသည် သူမ စိတ်မထင်လျှင် မထင်သလို ကျွဲရိုက်၊

နွားရိုက် ရိုက်နှက် တတ်သေး၏ ။ ဒေါ်မမကြီး ဖဲရှုံးလာသောနေ့သည် မမြလေးအတွက် ကံဆိုးမိုးမှောင်ကျသောနေ့ပင် ဖြစ်၏ ။

ဒေါ်မမကြီးသည် ဖဲရှုံးသောနေ့တွင် လွန်စွာ စိတ်တိုနေတတ်ပြီး မမြလေးကို အပြစ်မရှိ အပြစ်ရှာပြီး ရိုက်နှက်တတ်၏ ။

မမြလေးသည် အသားအရည် ရွှေလိုဝင်းပြီး နုနယ်ပျိုပျစ်သော အလှအပရှိ၏ ။ ထို့ကြောင့်ပင် မမြလေး ဈေးသွားဈေးပြန်ငေးကြည့်နေတတ်သော ကာလသားများရှိ၏ ။

ထိုကာလသားများတွင် လူကုံထံ မျက်နှာကြီးသားများပင် ပါရှိ၏ ။ ထိုအကြောင်းကို ညီအစ် မသုံးယောက် သိသောအခါ မမြလေးအပေါ် မနာလိုဝန်တိုစိတ်များ အရှိန်တငြိုးငြိုး တောက်လောင် နေ၏ ။

ထို့ကြောင့် မမြလေး၏ ချောမောလှပသော ရုပ်ရည်နှင့်ကိုယ်လုံးကို မပေါ်တွင်စေရန် ဟောင်းနွမ်း၍ အရောင်အဆင်း မရှိသော အဝတ်အစားများကို ဝတ်ဆင်စေ၏ ။

ထို့ပြင် မမြလေးအား သူမတို့အိမ်တွင် အလှပြင်ဆင်ခြင်းမပြုရန် ကျပ်တည်းစွာ တားမြစ် ထား၏ ။ မမြလေးသည် မိန်းကလေးဖြစ်သော်လည်း သနပ်ခါးကိုပင် မလိမ်းရချေ။

သို့သော် မမြလေးသည် ပင်ကိုယ်ရုပ်ရည် ချောမောသူဖြစ်သဖြင့် အလှပြင်ဆင်ခြင်းမရှိ စေကာမူ စွဲမက်ဖွယ် ရှိနေလေ၏ ။

ထိုအခါ မနာလိုဝန်တိုစိတ်များသော ညီအစ်မများအနေဖြင့် ပိုမိုမခံချိမခံသာ ဖြစ်ခဲ့လေ၏ ။ ထို့ကြောင့်ပင် မမြလေးအား ပိုမိုစုတ်ခြာသော အဝတ်အစားများကို ဝတ်ဆင်စေ၏ ။

မည်သို့ပင်ဖြစ်စေ မမြလေး၏ ဖွံ့ထွားတစ်ရစ်သော ကိုယ်ခန္ဓာနှင့်

ညို့ငင်အားကောင်းသော မျက်ဝန်းများကို မဖုံးဖိနိုင်ခဲ့ချေ။

မမြလေးသည် ဒေါ်မမကြီးတို့မိသားစုက မြောင်းဘုရားပွဲသို့ မိမိကိုခေါ်မည်ဆိုသဖြင့် လွန် စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့၏ ။

မြောင်းဘုရာပွဲသည် ဖခင်နှင့်ပတ်သက်သော သတိတရဖြစ်စရာ မှတ်တမ်းလည်းဖြစ်၏ ။ ယ ခု မြောင်းဘုရားပွဲတော်သို့ သွားရန် ညီအစ်မသုံးယောက်က စက်ချုပ်ဆရာ အဘိုးကြီးတစ်ယောက် ကို အိမ်ခေါ်၍ အဝတ်အစားများ ချုပ်လုပ်နေ၏ ။

ထိုမြင်ကွင်းကိုကြည့်၍ ဖခင်ကို သတိရပြီး မျက်ရည်များဝဲကျလာ၏ ။

ဖခင် ပိုးထိပြီး မသေဆုံးမီညက သမီးလေးအား မြောင်းဘုရားပွဲသို့ လိုက်ပို့ရန် ပိုက်ဆံများ များရှာမည်ဟုဆိုကာ အနီးအနား ရွာရှိ အလှူပွဲတွင် ညဥ့်နက်သည်အထိ ချုပ်ပေးခဲ့၏ ။

ထိုနေ့ည အလှူကအပြန်လမ်းတွင် ဖခင်ပိုးထိပြီး သေဆုံးခဲ့ရ၏ ။

ဖခင်သေဆုံးပြီး များမကြာမီ မိခင်မှာလည်း ဖခင်စိတ်ဖြင့် အိပ်ရာထဲသို့ လဲခဲ့၏ ။

ထို့နောက်တွင်မူ မိခင်သည်လည်း ဖခင်၏ အနောက်သို့ လိုက်ခဲ့ရရှာ၏ ။

ထိုအချိန်မှစ၍ သူမ၏ ဘဝသည် ခိုကိုးရာမဲ့ဖြစ်ပြီး အဒေါ်ဖြစ်သူ ဒေါ်မမကြီးတို့နေအိမ်သို့ ရောက်ခဲ့ရ၏ ။

ဒေါ်မမကြီးတို့အိမ်သို့ ရောက်ကာစက အဒေါ်ဖြစ်သူကို ကျေးဇူးတင်လွန်းသဖြင့် ညတိုင်းရှိ ခိုးပြီး အိပ်ရာဝင်ခဲ့၏ ။

သို့သော် အိမ်သို့ရောက်ပြီး တစ်ပတ်မပြည့်မီမှာပင် ဒေါ်မမကြီး၏ မင်းသားခေါင်းဆောင်း ထားသော ဘီလူးရုပ်ပေါ်လွင်သွားခဲ့၏ ။

ဒေါ်မမကြီး၏ သမီး သုံးယောက်မှာလည်း သူမကို

ညီအစ်မတစ်ယောက်ကဲ့သို့ သဘောမ ထားဘဲ ကျွန်တစ်ယောက်ကဲ့သို့ သဘောထား၏။

မမြလေးသည် ညီအစ်မသုံးယောက်၏ အတွင်းခံ ဘောင်းဘီကိုပင် လျှော်ဖွတ်ပေးရ၏။

ညီအစ်မများသည် ၎င်းတို့ဝတ်ထားသော ထဘီကိုတန်းပေါ်သို့ပင် ကောက်တင်လေ့မရှိဘဲ ကြမ်းပြင်၌ အပုံလိုက်ချထားသော မိန်းမပျင်းများဖြစ်၏။

ထိုမိန်းမများ သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းကျံရန် မမြလေးတစ်ယောက်တည်း ဒိုင်ခံသွေးပေးရ၏။

မည်သို့ပင်ဖြစ်စေ မမြလေးကို သူမ၏ အမျိုးအဆွေများ အပေါ်တွင် စိတ်ကောင်းစေတနာ ကောင်းထား၏။

သူမ ကံနိမ့်နေချိန်တွင် ခိုနာခွင့်ပေးထားသော ကျေးဇူးရှင်များဟု မှတ်ထင်၏။

ဤကဲ့သို့ မမြလေးက အစစအရာရာ နားလည်မှုပေးသော်လည်း ဒေါ်မမကြီးတို့ သားအမိ လေးယောက်မှာမူ မမြလေးကို ညှာတာ ထောက်ထားခြင်းကင်းမဲ့၏။

ဤမျှ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ပေးသော်လည်း အစားကောင်း၊ အသောက်ကောင်းကို ဘယ်သောအခါမျှ ကျွေးသည်မရှိ။ မမြလေးသည် ငါးပိရည်နှင့် ထမင်းသိုး၊ ဟင်းသိုးများကိုသာ အမြဲလိုလို စားသောက်ရ၏။

ထိုအခါ မမြလေး၏ ကြွေရုပ်ကလေးလိုလှသော ရုပ်ရည်ကို ကြည့်၍ သီတာဆိုသောမိန်းမ က မျက်နှာကိုရှုံ့မဲ့ကာ

“ဒီကောင်မ အသားအရည်ကဟာ ထမင်းသိုး၊ ဟင်းသိုးသာ စားနေရလို့ ဒီလောက်ဝင်ပ နေတာ၊ ထမင်းကောင်း ဟင်းကောင်းသာစားရရင်

ဘယ်လောက်များဝင်ပမလဲမသိဘူး”

ဟု မနာလိုစွာ ချီးမွမ်းဖူး၏။

မည်သို့ပင်ဖြစ်စေ မမြလေးသည် မာနကို ခဝါကျ၍ ဒေါ်မမကြီးတို့ မိသားစုကို အလုပ်အ ကျွေးပြု၏။

ယခု မြောင်ဘုရားပွဲသို့ လိုက်ခွင့်ရမည်ဆိုသဖြင့် ဒေါ်မမကြီးတို့မိသားစုအား မမြလေး အ လွန်ကျေးဇူးတင်နေမိ၏။

ဖခင်ဖြစ်သူက မြောင်ဘုရားပွဲကို ပို့ချင်ရှာလွန်း၍ အသက်ဆုံးခံပြီး ငွေရှာခဲ့ရ၏။

ယခုတော့ ဒေါ်မမကြီးတို့ကျေးဇူးကြောင့် မြောင်ဘုရားပွဲကြီးသို့ ရောက်ရတော့မည်။

မြောင်ဘုရားပွဲကြီး၏ ကြီးကျယ်ခမ်းနားပုံကို မမြလေးငယ်စဉ်က ကြားဖူးနားဝရှိ၏။ မြောင် ဘုရားပွဲကြီး ဈေးဘုရားပွဲကြီးဟု ခေါ်သည်နှင့်အညီ တစ်မျှော်တစ်ခေါ် ရှုမောမဆုံးနိုင်သော ဈေး ခင်းကြီးရှိ၏။

ဘုရားပွဲသို့ ရေလမ်း၊ ကုန်းလမ်းမှ ဘုရားဖူးများ လာရောက်ကြသဖြင့် ဘုရားရင်ပြင်တောင် ပေါ်တွင် ခြေချစရာမရှိအောင် ကျပ်တည်းသည်ဆို၏။

ဘုရားဖူးများ မည်မျှပင်များပြားစေကာမူ ဘုရားရင်ပြင် တစ်ခွင်လုံး အမှိုက်များ ရှုပ်ပွမနေခဲ့ ချေ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် ဧရာဝတီမြစ်ရေတိုးပြီး မြစ်ရေနှင့်အတူ သောင်ပြင်မှ အညစ်အကြေးများအားလုံး လိုက်ပါသွားသည်ဆို၏။

ယခုတော့ ဤမျှ အမည်သတင်းကျော်ကြားသော မြောင်ဘုရားပွဲကြီးသို့ သူမ ရောက်ရပေ တော့မည်။ မြောင်ဘုရားပွဲကြီးနီးကပ်လာသဖြင့် သူတို့မြို့ကလူများ လှည်းကိုယ်စီဖြင့် သွားရောက် နေကြ၏။

ဒေါ်မမလေး၏ နေအိမ်သည် မြို့စွန်တောင်ကုန်းမြင့်ပေါ်တွင်ရှိ၍ ဘုရားဖူး လှည်းတန်းများ ကို မြင်တွေ့နေကြ၏ ။ မမြလေးသည် ဘုရားဖူးလှည်းယဉ်တစ်စီးကိုမြင်တိုင်း ခြံထိပ်သို့ထွက်၍ အပြေးအလွှား လိုက်ကြည့်၏ ။

အချို့လှည်းများ၌ မူ ပလွေ၊ နှဲ၊ ဗုံ၊ တယော စသောတူရိယာ ပစ္စည်းအစုံအလင်တင်ဆောင် ၍ တီးမှုတ်ကခုန်သွားကြ၏ ။

ဘုရာဖူးလှည်းပေါ်၌ အဆိုကောင်း၊ အကကောင်းသူများသည် မျက်နှာရပြီး သူတစ်ပါး၏ ပွဲတောင်းခြင်းခံရ၏ ။

မကြာမီ ဒေါ်မမကြီးတို့မိသားစု၏ ဘုရားဖူးလှည်း ထွက်တော့မည် ဖြစ်သဖြင့် မြောင်ဘုရား ပွဲကြီးသို့ ရောက်ရပေတော့မည်။

ဘုရားပွဲသို့ရောက်လျှင် သူမသည် ဆင်းရဲသားနင်းပြားတစ်ယောက်ဖြစ်သဖြင့် အများသူငါ ကဲ့သို့ မလှူဒါန်းနိုင်သော်လည်းတောပန်းကလေးများခူး၍ ရွှေပေါ်ကျွန်းဘုရားကို ကပ်လှူရန်ဆုံး ဖြတ်ထား၏ ။

ရွှေပေါ်ကျွန်းဘုရား၌ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းရင်းဆင်းရဲနွမ်းပါးလှသော ဘဝမှ အမြန်ဆုံးလွတ်မြောက်ပြီး ပျော်ရွှင်စရာ ဘဝပန်းတိုင်သို့ရောက်ရန် ဆုတောင်းရပေမည်။

မမြလေးသည် မြောင်ဘုရားပွဲကြီးဟူသော စိတ်ကူးနှင့်ပင် အလွန်ပျော်ရွှင်နေပေပြီ။

*****

(၂)

မနက်ဖြန် ဘုရားပွဲသို့ သွားရောက်မည်ဖြစ်သဖြင့် ဒေါ်မမကြီးတို့ မိသားစုသည် အထုပ်အပိုး များ ပြင်ဆင်ရင်း အလုပ်ရှုပ်နေလေ၏။

မမြလေးသည် တစ်အိမ်လုံး၏ အလုပ်များကိုဇယ်ဆက်သလို လုပ်ကိုင်နေရလေ၏။ သို့ သော် မည်မျှပင် ပင်ပင်ပန်းပန်း လုပ်ကိုင်စေကာမူ မြောင်ဘုရားပွဲဟူသော အိပ်မက်ကြောင့် သူမ အပင်ပန်းခံနိုင်လေ၏။

သူမသည် ဘုရားပွဲသို့ သွားရမည့်ရက်နီးကပ်လေ ဖခင်ကို သတိရလေဖြစ်၏။ ဖခင်သေဆုံး ခဲ့သည်မှာလည်း မြောင်ဘုရားပွဲကြီးသို့သွားရန် တစ်ရက်အလို၌ သာ ဖြစ်၏။

မြောင်ဘုရားပွဲ၌ ဖောဖောသီသီ သုံးစွဲနိုင်ရန် အလှူတစ်ခုတွင် အဝတ်များချုပ်လုပ်ပြီး ညကြီးအချိန်မတော် ပြန်လာခဲ့ရာ ခရီးလမ်း၌ ပိုးထိခြင်း ခံခဲ့ရ၏။

မမြလေးသည် အဝတ်များကိုခေါက်ရင် ဖခင်အကြောင်းကိုသတိရကာမျက်ရည်များစီးကျ လာ၏။

ထိုအခိုက်မှာပင် ခြံတံခါးဝသို့ မိန်းမကြီးတစ်ယောက်ရောက် လာပြီး

"မမကြီး...မမကြီး"

ဟု ခေါ်သံကို ကြားရ၍ တံခါးဖွင့်ပေးလိုက်၏။

ဒေါ်မမကြီးသည် သူမကိုခေါ်သူကို မြင်သောအခါ အိမ်ထဲမှကြည့်၍

"ဟယ်...ခင်ခင်၊ မတွေ့ရတာ ကြာပြီဟယ်၊ ညည်းနဲ့တွေ့ရတာ

ဝမ်းသာလိုက်တာ၊ ဟဲ့ ကောင်မ…မြလေး၊ ဘာကြောင့်ကြည့်နေတာလဲ၊ ငါ့သူငယ်ချင်းရဲ့ အထုပ်အပိုးတွေ ကူသယ် ပေးလေ”

ဟု ပြောလေ၏။

မမြလေးသည် ဒေါ်ခင်ခင်ဆိုသော မိန်းမကြီး၏ အထုပ်အပိုးများကို အိမ်ထဲသို့ သယ် ဆောင်ပေးခဲ့၏။

ဒေါ်မမကြီးနှင့် ဒေါ်ခင်ခင်သည် ရှေးက ရပ်ဆွေရပ်မျိုးဖြစ်ခဲ့ကြ၏။ ၎င်းတို့နှစ်ယောက်သည် စိတ်ယုတ်မာပုံချင်း တူညီကြသဖြင့် ပေါင်းသင်းလို့ရ၏။

ဒေါ်မမကြီးသည် ဒေါ်ခင်ခင်ကို ရေနွေးကြမ်း၊ ထန်းလျက်စသည်တို့ဖြင့် ဧည့်ခံပြီးနောက်

“ငါတို့ မြောင်ဘုရားပွဲကို မနက်ဖြန်သွားတော့မယ်၊ နင်လာတာနဲ့ အတော်ပဲပေါ့”

ဟု ပြောလေရာ ဒေါ်ခင်ခင်က ခေါင်းညိတ်၍ ထန်းလျက်တစ်ခဲကို ယူစားလိုက်ပြီး

“ငါလည်း မြောင်ဘုရားပွဲတော်အမီ မင်းတို့ဆီကို ရောက်လာခဲ့တာပဲ၊ ငါရောက်တာနောက် ကျလို့ နင်တို့ထွက်သွားပြီလို့တောင် ထင်နေတာ”

ဟု ပြောလေ၏။ ထိုအခါ ဒေါ်မမကြီး၏ သမီး သီတာက ဝင်ရောက်၍

“အန်တီခင်လိုက်မယ်ဆိုရင်တော့ ဘုရားပွဲကို ဟိုကောင်မ မခေါ်တော့ဘူး၊ သမီးတို့ပစ္စည်း တွေက အများကြီး၊ လှည်းကျပ်တယ်”

ဟု ပြောလေ၏။ မမြလေးသည် သီတာ၏ စကားကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ဒေါ်မမကြီး၏ စကားသံကို အလန့်တကြား နားစွင့်လိုက်၏။

ထိုအခါ ဒေါ်မမကြီးက ခေါင်းညိတ်၍

"ဒါဆိုရင်လည်း သမီးတို့သဘောပဲလေ၊ ဟိုကောင်မကို မခေါ်ရင်တော့ ဘုရားပွဲမှာ တောက်တိုမယ်ရခိုင်းဖို့လူ ရှိမှာ မဟုတ်ဘူး"

ဟု ပြောလေရာ မမြလေးသည် မြောင်ပွဲသို့ မလိုက်ရတော့သဖြင့် အလွန်စိတ်ဓာတ်ကျသွား လေ၏။

သူမသည် ညီအစ်မများ၏ ထင်မြင်ချက်ကို မျှော်လင့်တကြီး စောင့်နေလိုက်၏။ ဥမ္မာဆို သော မိန်းမက မျက်နှာရှုံ့မဲ့၍

"အမလေး... မိမြကို ဘုရားပွဲခေါ်လို့ကတော့ ခိုင်းလို့ရမယ် ထင်သလား၊ ဒီကောင်မ တစ်သက်လုံးမမြင်ဘူးတဲ့ ပွဲတော်ကြီးက ပစ္စည်းတွေကို သွားရည်ကျနေမှာ သေချာတယ်၊ အစ်မအစီအစဉ်ကောင်းတယ်၊ လုည်းကျပ်ရင် ခေါ်မနေနဲ့တော့၊ သမီးတို့ လွတ်လွတ်လပ်လပ် သွားချင်တယ်"

ဟု ပြောလိုက်ရာ မမြလေးသည် မိမိကံဆိုးပြီဟု တွေးကာ အလွန် စိတ်ထိခိုက်သွား၏။

မြောင်ဘုရားပွဲသို့သွားရန် ညီမအငယ်ဆုံးမာလာ၏ မှတ်ချက်သာလိုတော့၏။ မာလာက မျက်နှာရှုံ့မဲ့၍

"သိပ်ကောင်းတယ်၊ အဆင့်အတန်းချင်မတူတဲ့ကောင်မနဲ့ လှည်းတစ်စီးတည်း ခရီးသွား ရမှာ မသတီဘူး၊ အခုတလော ဒီကောင်မကိုကြည့်ရတာ ကလည်း ဘုရားပွဲသွားရမယ်ဆိုပြီး ဘဝင် မြင့်နေပုံရတယ်၊ ဒီကောင်မ မပါတာ အကောင်းဆုံးပဲ"

ဟု ပြောလိုက်ရာ မမြလေးသည် သူမအတွက် မျှော်လင့်ချက် မရှိတော့သဖြင့် ချုံးပွဲချ၍ သာ ငိုလိုက်ချင်၏။

သူမ၏ မြောင်ဘုရားအိမ်မက် ဆုံးရှုံးသွားချေပြီ။ ရှုမော၍ မဆုံးနိုင်သော ဆယ်နှစ်ပွဲဈေး သည်တန်းကြီးကို သူမ မမြင်နိုင်တော့ချေ။ ယခုရက်ပိုင်းအတွင်း

မြောင်ဘုရားပွဲသို့လိုက်ရမည်ဆို သော အိမ်မက်ကြောင့် သူမ အပျော်ကြီးပျော်ခဲ့၏ ။

ယခုတော့ သူမ၏ မျှော်လင့်ချက် အိမ်မက်များ ရေစုန်မျောရလေပြီ။ မမြလေးသည် နောက် ဆုံးမျှော်လင့်ချက် အနေဖြင့် အရဲစွန့်၍

"ကျွန်မ လှည်းပေါ်က မလိုက်ရဘူးဆိုရင် လှည်းအောက်ကနေ လမ်းလျှောက်ပြီး လိုက်ခဲ့ပါ မယ်၊ ကျွန်မ လမ်းလျှောက်နိုင်ပါတယ်၊ ဟိုရောက်ရင် အဒေါ်တို့ခိုင်းချင်ရာခိုင်းလို့ရတာ ပေါ့"

ဟု ပြောလေ၏ ။ ထိုအခါ သီတာဆိုသော မိန်းကလေးက ဝင်ရောက်၍

"အမယ်လေး…ညဉ်းက လှည်းအောက်ကလိုက်မယ် ဟုတ်လား၊ ညည်း တော်တော်ထတဲ့ ကောင်မပါလား၊ မြောင်ဘုရားပွဲကဒီလောက်ဝေးတာ၊ ညည်းဘယ်လိုလုပ် လှည်းအောက်က လိုက်နိုင်မှာလဲ၊ ငါတို့ခရီးကို ကြန့်ကြာအောင်မလုပ်စမ်းပါနဲ့အေ"

ဟု ပြောလေ၏ ။

မမြလေးက မြောင်ဘုရားပွဲသို့ လိုက်ချင်ရာလွန်း၍ မျက်နှာချိုသွေးကာ

"ကျွန်မကို အထင်မသေးပါနဲ့ အစ်မရယ်၊ ကျွန်မက တောသူစစ်စစ်ပါ၊ တောမှာနေတုန်း က တစ်ရွာနဲ့ရွာ အဝေးကြီးလျှောက်သွားဖူးတယ်၊ အကြမ်းခံနိုင်ပါတယ်၊ ကျွန်မပါလာတော့ အစ်မတို့ ဘာလုပ်ချင်လဲ၊ ဘာခိုင်းချင်လဲ၊ ခိုင်းချင်ရာ ခိုင်းလို့ရတာ ပေါ့၊ ကျွန်မကိုခေါ်ပါ အစ်မရယ်၊ လှည်း နောက်က လိုက်နိုင်ပါတယ်၊ မပင်ပန်းပါဘူး"

ဟု ပြောလေ၏ ။ ထိုအခါ ဒေါ်မမကြီး၏ သမီး မာလာက

"ဟဲ့ကောင်မ၊ နင်လျှာမရှည်နဲ့တော့၊ အေးအေးဆေးဆေးအိမ်မှာစောင့်ပြီးနေခဲ့၊ ဘုရားပွဲမှာ လိုက်ပြီး နန့်ကြောတမယ် မကြိုးစားနဲ့….."

ဟု ပြောလေ၏။ ဥမ္မာဆိုသော မိန်းမကလည်း မျက်နှာကိုရှုံ့မဲ့၍

"ဟုတ်တယ်၊ ညည်းကို အခုရက်ပိုင်းမှာ ကြည့်လို့ကိုမရဘူး၊ ဆပ်ပြာသည် လင်ပျောက်သ လိုပဲ၊ ညည်း ဘာကောင်မလဲဆိုတာ ကိုယ့်ကိုကိုယ်သိစမ်း၊ ညည်းနဲ့ မြောင်ဘုရားပွဲနဲ့ ဘာဆိုင်လဲ"

ဟု ဝင်ရောက်ကြိမ်းမောင်းလိုက်လေ၏။ မမြလေးသည် ညီအစ်မသုံးယောက်၏ ရိုင်းစိုင်း သော အမူအကျင့်ကို ရိပ်စားမိသဖြင့် ဘုရားပွဲသို့သွားရန် ဆက်လက်မပြောဆိုဝံ့တော့ချေ။

သူမ၏ စိတ်ကူးယဉ်အိမ်မက်များ ပျက်စီးရချေပြီ၊ မမြလေးသည် သေဆုံးသွားသော ဖခင်ကို သတိရပြီး ဝမ်းပန်းတနည်း ရှိုက်ငိုလိုက်လေ၏။

ထိုအခါ ဒေါ်မမကြီးက ဒေါသတကြီး ဝင်ရောက်လာပြီး

" ဟဲ့ကောင်မ.....ညည်းက ငါ့အိမ်ကို မသာအိမ်အောက်မေ့လို့လား၊ ကျက်သရေမရှိတဲ့ မျက်ရည်တွေကို သုတ်ပစ်လိုက်ပစ်း၊ သွားကာနီး လာကာနီး၊ နမိတ်မရှိ နမာမရှိ မျက်ရည်ကျပြမ နေနဲ့၊ ပြိတ္တာတို့မျက်ရည် မြေမှာမကျကောင်းဘူးဟဲ့ ပြိတ္တာမရဲ့"

ဟု ပြောဆိုလိုက်လေ၏။ ထိုအခါ ညီအစ်မ သုံးယောက်ကလည်း မမြလေးအား တစ် ယောက်တစ်ပေါက် ဝိုင်းဝန်းကဲ့ရဲ့ကြလေ၏။

ဒေါ်ခင်ခင်ဆိုသော မိန်းမကြီးကလည်း ဝင်ရောက်၍

"ခေတ်ကာလကိုက မကောင်းတော့ပါဘူး ဒူးနေရာဒူး၊ တော်နေရာတော် မနေကြဘူး ကိုယ်ကိုကိုယ် ဘာဆိုတာ သိဖို့ကောင်းတယ်၊ အိမ်စေက အိမ်စေလိုမနေဘူး အိမ်ရှင်လုပ်ချင် တယ်"

ဟု ဝေဖန်ကဲ့ရဲ့လေ၏။

မမြလေးသည် သူမ၏ မျှော်လင့်ချက်အိပ်မက်များ

သေချာပေါက်ပျက်စီးသွားကြောင်း ရိပ်စားမိသဖြင့် လွန်စွာ စိတ်ပျက်သွားလေ၏ ။

ထိုနေ့ည တစ်ညလုံးအိပ်မပျော်ဘဲ မြောင်ဘုရားပွဲကြီးကိုသာ စိတ်ကူးနှင့် မြင်ယောင်ရင်း မြင်ယောင်ရင်း စိတ်နှလုံးညှိုးငယ်၍ နေလေတော့၏ ။

*****

(၃)

နောက်တစ်နေ့သို့ရောက်သောအခါ ဒေါ်မမကြီးတို့မိသားစုသည် မြောင်ဘုရားပွဲသို့သွားရန် မနက်စောစောထကြ၏။ မနက်(၅)နာရီ ထိုးသောအခါ ကြိုတင်မှာယူထားသော နွားလှည်းရောက် လာ၏။

မမြလေးသည် စိတ်နှလုံးညှိုးငယ်စွာဖြင့် နွားလှည်းပေါ်သို့ ဒေါ်မမကြီးတို့၏ ပစ္စည်းများကို တင်ဆောင်ပေးလေ၏။၏ ဒေါ်မမကြီးသည် တစ်အိမ်လုံးရှိတံခါးများကို သော့ခတ်၍ မမြလေးအား အိမ်အပြင်ဘက်ရှိ ကွပ်ပျစ်လေး၌ သာ အိပ်စက်ခိုင်းလေ၏။

ဒေါ်မမကြီးက လှည်းပေါ်သို့ တက်ခါနီး တွင်

“ဟဲ့ကောင်မ......အိမ်ကပစ္စည်းတွေ တစ်ခုမှပပျောက်စေနဲ့နော်၊ ပစ္စည်းတစ်ခုပျောက်လို့က တော့ နင့်အသက်ကို ဖက်နဲ့သာထုပ်ထားပေတော့၊ အိမ်မှာ လူကြီးမရှိဘူးဆိုပြီး နင့်လင်တွေခေါ်

ပြီးကမြင်းကြောထမနေနဲ့၊ ကောင်မ....ရုပ်ကလေးက သနားကမားနဲ့လင်အတော်လိုချင်တယ် ကုတ်ကမြင်းမ”

ဟု ရိုင်းစိုင်းစွာ ပြောဆို၍ လှည်းသမားကို မောင်းနှင်ခိုင်းလိုက်တော့၏။

ထိုအခါ မမြလေးသည် တစ်ကိုယ်တည်း အိမ်ကြီး၌ အထီးကျန် နေခဲ့ရလေတော့၏။

မမြလေးသည် ချူတံတလွင်လွင်နှင့် ထွက်ခွာသွားသော လှည်းကိုကြည့်၍ မျက်ရည်များ တွေတွေစီးကျလာ၏။

သူ၏ ဘဝသည် နိမ့်ကျလွန်းလှ၏။ ဒေါ်မကြီးတို့မိသားစုသည် သူမကို ဆွေမျိုးအရင်းအ ချာပင် ဖြစ်သော်လည်း တိရစ္ဆာန်တစ်ယောက်ကဲ့သို့သာ သဘောထား၏။

ညီအစ်မသုံးယောက်သည် အပျိုအရွယ်ကလေးဖြစ်နေသော သူမကို ရှက်ရွံ့နေမည်လော ဟု ညှာတာထောက်ထားခြင်း မရှိဘဲ လူရှေ့ သူရှေ့မရှောင် နှိမ့်ချဆက်ဆံ၏။

သူမသည် အပျိုအရွယ်ဖြစ်သော်လည်း ဆန့်ကျင်ဘက်ယောက်ျားများ၏ ရှေ့တွင် ကလက် တက်တက် အမူအရာမျိုးပြုလုပ်ခြင်း မရှိချေ။

သို့သော် ညီအစ်မများကမူ သူမကို လင်တရှူးမဟု အစဉ်အမြဲ နှိမ့်ချခေါ်ဝေါ်၏။ ၎င်းတို့ ကိုယ်တိုင်ကမူ အားလပ်သည့် အခါတိုင်း မြို့ပေါ်ရှိ ယောက်ျားများအကြောင်းကို မြိန်ရည်ရှက်ရည် ပြောဆိုတတ်၏။

မမြလေးသည် ဒေါ်မကြီးတို့မိသားစု၏ ရိုင်းစိုင်းကြမ်းတမ်းစွာ ဆက်ဆံမှုများကို အစဉ်အမြဲ ခံခဲ့ရ၏။

သို့သော် မိမိဘဝကို ကယ်တင်ထားသူများအဖြစ်လည်းကောင်း၊ ဆွေမျိုးရင်းခြားများအဖြစ် လည်းကောင်း သဘောထားကာ ခွင့်လွှတ်နိုင်ခဲ့၏။

သူမဝတ်ဆင်သော အဝတ်အစားများသည် မြို့ထဲရှိ ဆင်းရဲနွမ်းပါးသူများ၏ အဝတ်များ ထက်စုတ်ချာ၏။

သူမအင်္ကျီသည် အဖာရာများ ပြည့်နှက်နေ၏။ မြင်မကောင်း ရှုမကောင်းအောင် ညစ်ထေး နေ၏။ သူမဝတ်ဆင်သော သရက်ထည် လုံခြည်ကလေးမှာ အရောင်အဆင်း လွင့်ပြယ်ပြီးပါးလွန်း နေ၏။

ဒေါ်မကြီးနှင့် ဝတ်ဆင်ပြီး အတော်အတန်သစ်လွင်သော အဝတ်အစားများကို မမြလေး အားမပေးဘဲ အခြားသော သူစိမ်းများကိုသာ

ပေးအပ်၏ ။

မမြလေးသည် ဒေါ်မမကြီးတို့စိတ်ဓာတ်ကို ယခင်က ရိပ်စားမိခြင်း မရှိခဲ့ချေ။

ယခုတော့ ယုတ်မာသော သားအမိ၏ စိတ်ဓာတ်ကို သူမနားလည်သဘောပေါက်ခဲ့၏ ။ ဒေါ်မမကြီးတို့ မိသားစုသည် သူမ၏ ချောမော လှပသော ရုပ်ရည်ကို အစဉ်အမြဲ မနာလိုဝန်တိုခြင်း ဖြစ်နေကြ၏ ။

မမြလေးသည် အိမ်ကြီးပေါ်တွင် တစ်ကိုယ်တည်း ကျန်ရစ်ပြီး သူမ၏ ဘဝကို အကြိမ်ကြိမ် သုံးသပ်နေမိ၏ ။

ထိုသို့ သုံးသပ်ရင်း လက်ရှိဘဝကို ရွံရှာသလို ခံစားမိ၏ ။

သူမဘဝသည် လူတစ်ယောက်ဖြစ်သော်လည်း လူတစ်ယောက်၏ အဆင့်အတန်းမျိုးမရှိ။

ဤမျှ ဆင်းရဲနွမ်းပါးပြီး အနှိမ်ခံရသောဘဝတွင် ဆက်လက်၍ နေထိုင်ရခြင်းထက် သေရ ခြင်းကပင် ကောင်းပေလိမ့်မည်။

မမြလေးသည် မိမိကိုယ်မိမိ သေလူတစ်ယောက်ကဲ့သို့ သဘောထားကြည့်၏ ။

သို့သော် လက်တွေ့ဘဝတွင် သူမ၌ သေရဲသော သတ္တိမရှိသေးကြောင်း တွေ့ရ၏ ။

လူ့လောက၌ ဆက်လက်အသက်ရှင်လိုသော်လည်း လက်ရှိဘဝ၌ နေထိုင်ပြီး အသက်ရှင် ချင်ခြင်းမဟုတ်။

ဆင်းရဲနွမ်းပါးလှသောဘဝမှ လွတ်မြောက်ပြီး ကြီးပွားချမ်းသာခြင်းကို ရရှိမှသာ အသက်ရှင် လိုခြင်းဖြစ်၏ ။

မမြလေးသည် ထိုကဲ့သို့ ကြီးပွားချမ်းသာ လိုသော အတွေးကို

တွေးတောလိုက်သောအခါ ရင်ထဲတွင် စိတ်အားတက်ကြွမှုများ ဖြစ်ပေါ်လာ၏။

ကြွက်သီးများသည် တဖြန်းဖြန်းထသကဲ့သို့ ခံစားရ၏။

သူမဘဝ ကြီးပွားချမ်းသာပြီး ဒေါ်မကြီးတို့ကဲ့သို့ ဂုဏ်ကြီးရှင်ဖြစ်လျှင်ဟု တွေးတောမိ သောအခါ စိတ်လှုပ်ရှားလွန်း၍ ရင်တွေ တဒိတ်ဒိတ်ခုန်လာ၏။

သူမ၏ သွေးတိုးနှုန်းများ မြန်ဆန်လာသကဲ့သို့ ခံစားရ၏။

ထို့ကြောင့် လက်သီးကိုဆုပ်၍

"ငါ ဒီနေ့ကစပြီး သူဌေးမကြီးဖြစ်စအောင် ကြိုးစားမယ်၊ သူဌေးမကြီးဖြစ်ရင် ငါ့ကို လူတွေ အားလုံး အထင်တကြီးရှိကြမယ်၊ ငါ့ကိုမြှောက်ပင့်ပြီး အကြိုက်လိုက်ပြောလိမ့်မယ်၊ ငါလုပ်သမျှ အားလုံးချီးမွမ်းကြမယ်၊ ငါ့ရဲ့စည်းစိမ် ဥစ္စာတွေကို လူ့လောကကြီးမှာ နေထိုင်ရတာ ပျော်ဖို့သိပ် ကောင်းမှာပဲ"

ဟုရေရွတ်ကာ သူဌေးမကြီးဖြစ်ချင်စိတ်များ တဖွားဖွားပေါ်လာလေ၏။

သို့သော် အတန်ကြာအောင် စိတ်အားတက်ကြွပြီးနောက် တစ်စုံတစ်ရာကို တွေးတော၍ ငိုင်ကျသွားပြီး

"အင်း… သူဌေးမကြီးဖြစ်အောင် လုပ်မယ်ဆိုတယ်၊ ငါလုပ်တိုင်း ဖြစ်ပါ့မလား၊လူတိုင်းလူ တိုင်းဟာ သူဌေးဖြစ်ချင်ကြတာပဲ၊ ကြီးပွားချင်ကြတာပဲ၊ လူတိုင်းဖြစ်မှမဖြစ်ကြတာ၊ ငါလုပ်လို့ရော ဖြစ်နိုင်ပါ့မလား၊ သူဌေးဖြစ်ဖို့ သူ့ကံနဲ့ သူလာတာနဲ့ တူတယ်၊ ငါ့မှာ ဆင်းရဲတဲ့ကံပါမယ်ဆိုရင် ဘယ်လိုလုပ်လုပ် သူဌေးဖြစ်မှာမဟုတ်ဘူး၊ တစ်သက်လုံး ဆင်းရဲနေရင်တော့ ဒုက္ခပါပဲ၊ ငါချမ်းသာ ချင်နေပြီ၊ အလွန်ဆင်းရဲပြီး အောက်တန်းနောက်တန်းကျတဲ့ ဘဝမှာနေလွန်းလို့ လွတ်မြောက်ချင် လှပြီ၊ လောကမှာ ငါ့လောက် နိမ့်ပါးတဲ့လူရှိပါ့မလား၊ ငါဟာ

လူတစ်ယောက်ဖြစ်ပေမဲ့ ဒေါ်မမကြီး တို့အမြင်မှာတော့ တိရစ္ဆာန်တစ်ကောင်ပါပဲ၊ လောကကြီးမှာ တိရစ္ဆာန်ဘဝနဲ့တော့ ဆက်မနေချင် ဘူး၊ သေလိုက်တာပဲကောင်းမယ်၊ ငါသေပြီးရင် ကောင်းမွန်တဲ့ဘဝမှာ လူပြန်ဖြစ်ရင် ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် လက်ရှိဘဝထက်တော့သာမှာပဲ”

ဟုတွေးမိလေ၏ ။

ထိုသို့တွေးမိပြီး လူ့လောကမှ ထွက်ခွာချင်စိတ်များ ဖြစ်ပေါ်လာ၏ ။

သို့သော် သေခြင်းတရားအကြောင်း တွေးတောပြီးနောက် သေဆုံးရန် ကြောက်ရွံ့သွားပြန် ၏ ။

မမြလေးသည် သေခြင်းအမျိုးမျိုးကို စဉ်းစားရင် သေရန် မဝံ့ရဲတော့ချေ။ထို့ကြောင့် သက်ပြင်းချ၍

“လူ့ဘဝမှာ သေချင်တယ်ဆိုမှ သေဖို့အတော်ခက်ခဲတဲ့ သတ္တဝါဆိုတာ သိတော့တယ်၊ လူဟာ သေဖို့အတော်ခက်တာကိုး၊ မသေဝံ့ရင်တော့ လူ့ဘဝမှာ အသက်ဆက်ရှင်ရမယ်၊ ဆင်းရဲနွမ်းပါးတဲ့ဘဝမှာ ဆက်ပြီးအသက်မရှင်ချင်တော့ဘူး၊ ငါ့ဘဝချမ်းသာမှ ဖြစ်တော့မယ်၊ ချမ်းသာဖို့ ဘယ်လောက်ခက်ခက် မဖြစ်ဖြစ်အောင် ကြိုးစားရမယ်”

ဟု တွေးတောမိလေ၏ ။

မမြလေးသည် သူမဘဝ၏ ရှေ့ရေးကို အတန်ကြာအောင် တွေးတောပြီးနောက် ဆုံးဖြတ် ချက်တစ်ခုကို ချလိုက်ပြီး လက်သီးဆုပ်ကာ

“ငါ ဒီအိမ်ကြီးက ထွက်ပြေးမှဖြစ်မယ်၊ ဒေါ်မမကြီးလက်မှာနေသရွေ့တော့ ဆင်းရဲဒုက္ခငရဲ က လွတ်မြောက်မှာမဟုတ်ဘူး၊ သူတို့နဲ့နေသရွေ့တော့ တိရစ္ဆာန်လို ဘဝမျိုးနဲ့ နေထိုင်ရတော့မှာ ပဲ၊ ငါ့ဘဝရဲ့ လွတ်မြောက်ရာကို ရှာကြံမှဖြစ်မယ်၊ ဟုတ်ပြီ..... ဒီအိမ်ကြီးက ထွက်ပြေးရမယ်၊

ပြေးဆိုရင် အချိန်ဆွဲလို့ မဖြစ်ဘူး အမြန်ပြေးမှဖြစ်မယ် အို....ပြောနေတာကြာတယ်၊ ညနေပဲ ဒီအိမ်ကြီးကပြေးတော့မယ်၊ ငါ့အပေါ် မကောင်းတဲ့ မိန်းမတွေနဲ့ ငါဆက်နေရင်လည်း အကျိုးရှိမှာ တော့မဟုတ်ဘူး”

ဟု တွေးတောကာ ဒေါ်မမကြီးတို့အိမ်မှ ထွက်ပြေးရန် ဆုံးဖြတ်လိုက်လေ၏။

ထိုသို့ ဆုံးဖြတ်ပြီးနောက် သူမဘဝ၏ ရှေ့ရေးကို ဉာဏ်မီသလောက် ဆက်လက်တွေး တောလေ၏။

“ငါဟာ ယောကျ်ားတစ်ယောက်မဟုတ်ဘဲ မိန်းမတစ်ယောက်ဖြစ်နေတာ ဆိုးတယ်၊ ယောကျ်ားတစ်ယောက်သာဆိုရင် ဒေါင်ကျကျပြားကျကျ နေထိုင်လို့ရတယ်၊ ခုတော့ ငါ့မှာ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေတယ်၊ ငါ့ရဲ့ ချောမောလှတဲ့ ရုပ်ရည်ဟာ အန္တရာယ်တွေကို ဖိတ်ခေါ် နေသလို ဖြစ်နေတယ်၊ လောကမှာ အဆင်းလှခြင်းရဲ့ ကောင်းကျိုးရှိသလို ဆိုးကျိုးလည်းရှိနိုင် တာပဲ၊ ငါ့ရုပ်ရည်ကို ဘယ်လိုပြောင်းလဲရပ့ါမလဲ”

ဟု တွေးတောနေမိ၏။

ထို့နောက် သူမ၏ ချောမောလှပသော ရုပ်ရည်နှင့် ကိုယ်လုံး ကိုယ်ပေါက်ကို မပေါ်လွင်မှုမ ရှိစေရန် မျက်နှာတစ်ခုလုံး သနပ်ခါးထူပိန်းပိန်းလိမ်းရန်ကြံ၏။

သူမ၏ လှပသော ကိုယ်လုံးကိုယ်ပေါက် ပေါ်လွင်ခြင်း မရှိစေသော ကာကီအင်္ကျီပွကြီး ဝတ် ဆင်ရန် ကြံစည်၏။ ထို့နောက် ဦးထုပ်စုတ်တစ်လုံးကို ဆောင်းလိုက်သောအခါ သူမ၏ ချောမော လှပမှုများ ပျောက်ဆုံးသွား၏။

မမြလေးသည် သူမ၏ ရုပ်ရည်ကို မှန်ကလေး၌ ကြည့်ကာ

“ဘာပဲဖြစ်ဖြစ် ငါဟာ မိန်းမဟာ မိန်းမပါပဲ၊ ငါ့ရဲ့ရုပ်ရည်ကို

သေသေချာချာကြည့်ရင် ချော မောလှပမှုကို မြင်နိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်အန္တရယ်ကို သတိနဲ့ရှောင်ကြဉ်ရမှာပဲ”

ဟု တွေးမိလိုက်လေ၏၊ ထို့နောက် ညနေစောင်းလျှင် ဒေါ်မမကြီးတို့နေအိမ်မှ ထွက်ရန်အ တွက် ပြင်ဆင်သင့်သည်များ ကြိုတင်ပြင်ဆင်၏ ။

မမြလေးသည် လွယ်အိတ်ကြီးထဲသို့ သူမပိုင်ငွေ အနည်းငယ်နှင့် အဝတ်အစားသုံးစုံ ထည့် ၏ ။ သူမ၏ အသက်နှင့်အရှက်ကို ကာကွယ်ရန် အတွက်ဓားမြှောင်အဟောင်း လေးတစ်ချောင်းကို လည်း လွယ်အိတ်ထဲထည့်လေ၏ ။

မမြလေးသည် အလုံးစုံကို ပြင်ဆင်ပြီးသောအခါ ငရဲပြည်ကဲ့သို့ လွန်စွာပူလောင်သော ဒေါ်မမကြီးတို့ နေအိမ်မှ ထွက်လာခဲ့လေတော့၏ ။

*****

(၄)

မမြလေးသည် မြို့ပြင်ကားဂိတ်၌ ကားကြုံကို စောင့်၏။ အတန်ကြာအောင်စောင့်ပြီးနောက် လော်ရီ ကားတစ်စီး မောင်းနှင်လာသဖြင့် ကားလမ်းပေါ်တက်၍ တားဆီးလိုက်၏။

ထိုအခါ ကားရပ်ပြီး ဒရိုင်ဘာအဘိုးကြီးက

"ဘယ်ကို လိုက်ချင်လဲ မိန်းကလေး၊ ကျုပ်တို့ကားက မြို့ထဲရောက်မယ်"

ဒရိုင်ဘာအဘိုးကြီးသည် စိတ်နှလုံးကောင်းမွန်သောလူကြီးတစ်ဦးဖြစ်၏ ။ ထို့ကြောင့် မမြ လေးသည် လမ်းခရီး၌ အန္တရာယ်မရှိဘဲ ကောင်းမွန်စွာ သွားလာနိုင်၏ ။

လော်ရီကားကြီးသည် ထိုညတစ်ညလုံး မောင်းနှင်ခဲ့လေ၏ ။

နောက်တစ်နေ့နံနက်သို့ရောက်သောအခါ မမြလေးသွားမည်ဆိုသော မြို့ကိုရောက်သဖြင့် ဒရိုင်ဘာကြီးက အိပ်ပျော်နေသော မမြလေးကို နှိုးလေ၏ ။

မမြလေးသည် ကားကြုံလိုက်ခွင့်ရသည့်အတွက် အခကြေးငွေကို ပေးသော်လည်း အဘိုး ကြီးက လက်မခံချေ။

မမြလေးသည် မြို့ထဲတွင် လှည့်လည်ကြည့်ရှုပြီး မြို့လယ်ခေါင်ရှိ ဘုရားသို့ သွားရောက် ဖူးမျှော်လေ၏ ။

သူမသည် ကားဒရိုင်ဘာ လူကြီးအားစိတ်ထဲတွင် ရှိသော မြို့အမည်ကို ပြောလိုက်ရာ ဒရိုင် ဘာကြီးက အဟုတ်မှတ်ပြီး ကားပေါ်မှ ချပေးသွားခြင်းဖြစ်၏ ။

သူမသည် ဘုရားပေါ်ရှိ ဇရပ်ကြီး၌ ထိုင်နေ၍ ဘဝရှေ့ရေးကို

တွေးတောနေမိ၏။ သူမ၏ ဘဝတစ်လျှောက်လုံး မရေမရာ မသေမချာ ဖြစ်နေ၏။

ကြီးပွားတိုးတက်ချင်သောစိတ်ကြောင့် မြို့မှ ထွက်ခွာလာ၏။ သို့သော် သူမ၌ ကြီးပွားချမ်း သာစေရန် ငွေကြေးအရင်းအနှီး မရှိ။ အပေါင်းအသင်းမိတ်ဆွေလည်း မရှိ။

စီးပွားရှာဖွေရန် အတတ်ပညာအရင်းအနှီးလည်း မရှိ။ ဤမျှ ဆင်းရဲကျပ်တည်းပြီး စည်းစိမ် ဥစ္စာ ဗလာနတ္ထိဖြစ်နေသော ဘဝတွင် မည်သို့ ကြီးပွားချမ်းသာအောင် လုပ်ရမည်နည်း။

မမြလေးသည တွေးတောရင်း ရင်ထဲတွင် ပူလောင်လာပြီး အနာဂတ်မျှော်လင့်ချက်များ ပျောက်ဆုံးသွားသယောင်ရှိ၏။ မမြလေးသည ဇရပ်ကြီး၌ ထိုင်၍ သူမဘဝ ခရီးဆက်ရန် နည်း လမ်းများကို ခေါင်းပူမတတ် စဉ်းစားနေလေ၏။

ညနေသို့ရောက်သောအခါမှပင် ဗိုက်ထဲတွင် ဆာလောင်လာသဖြင့် မြို့ထဲရှိ ထမင်းဆိုင်၌ ထမင်းစား၏။ သူမသည် ဆာလောင်မွတ်သိပ်လှသဖြင့် ထမင်းပန်းကန်မှာယူ စားသောက်လေ၏။

သူမသည် ဗိုက်ပြည့်သွားသောအခါ ယနေ့ညအတွက် နေစရာ အခက်အခဲရှိသဖြင့် ဆိုင်ရှင် မိန်းမကြီးထံတွင် တစ်ညအိပ်ခွင့်တောင်းလေ၏။ ထိုအခါ ဆိုင်ရှင်မိန်းမကြီးက

“မိန်းမချင်း ကိုယ်ချင်းစာလို့ တစ်ညတော့ အိပ်ခွင့်ပေးလိုက်မယ်၊ တစ်ညထက် ပိုပြီးတော့ အိပ်ခွင့်မပြုနိုင်ဘူး၊ ငါ့ယောကျ်ား ဘိုစိန်အကြောင်းကို ငါအသိဆုံးပဲ၊ ဒီကောင်ဟာ မိန်းမနဲ့ပတ် သက်ရင် ဘယ်တော့မှမရဘူး”

ဟု ပြောလိုက်ရာ မမြလေးသည် ရင်ထိတ်သွားပြီး

“အဒေါ့်ယောကျ်ားက ဆိုင်မှာရှိသလား

ဟု မေးမြန်းလေ၏။ မိန်မကြီးက ခေါင်းခါယမ်း၍

"ငါ့ယောကျ်ားဘိုစိန် ဒီနေ့ညတော့မရှိဘူး၊ သူ့ရဲ့အလုပ်က ရှာစဉ်လှည့်ပြီး ဖဲရိုက်တဲ့အလုပ် ပဲ၊ မနက်ဖြန်မှာ သူပြန်လာလိမ့်မယ်၊ ဒါကြောင့် ဒီနေ့ညပဲ ညည်းကို အိမ်မှာလက်ခံထားရတာ "

ဟု ပြောလေရာ မမြလေးသည် ဆိုင်ရှင်မိန်းမကြီးကို ကျေးဇူးတင်ကြောင်းပြော၍ သူမအိပ် စက်ရန် နေရာပေး၏။ မမြလေးသည် အခန်းကျဉ်းလေး၏ တံခါးကိုပိတ်၍ ကွပ်ပျစ်ပေါ်တွင် လှဲအိပ်လိုက်ရာ မကြာမီ အိပ်ပျော်သွားလေ၏။

မမြလေးသည် အတန်ကြာအောင် အိပ်စက်ပြီးနောက် ဆူညံသော အသံများကြောင့် အိပ် ရာမှ လန့်နိုးလာလေ၏။

မမြလေးသည် ဆူညံသံကြောင့် နားစွင့်လိုက်ရာ လူတစ်ယောက် အရက်မူးပြီး သောင်း ကျန်းနေသောအသံကို ကြားရ၏။ ထမင်းဆိုင်ရှင် မိန်မကြီးက

"ရှင် ဘာဖြစ်လို့ ဒီနေ့ပြန်လာတာပဲ ဘိုစိန်ရယ်"

ဟု ချော့မော့သောလေသံဖြင့် ပြောလိုက်ရာ လူကြီးတစ်ယောက်က မူးမူးရူးရူးလေသံဖြင့်

"ဘာဖြစ်လို့ ပြန်လာရမှာလဲ၊ ဖဲရှုံးလို့ပေ့ါကွ၊ တစ်သက်မှာ တစ်ခါမှ ဒီလောက်ကံမခေဘူး၊ ငါ့ရဲ့ပိုက်ဆံတွေအားလုံး ခဏလေးနဲ့ ကုန်သွားပြီ၊ အိမ်မှာ မင်းဘာတွေ မဟုတ်တာလုပ်သလဲ၊ ငါမရှိတုန်း လင်ငယ်နေလို့လား"

ဟု အော်ဟစ်နေလေ၏။

ထိုလူကြီးမှာ ဆိုင်ရှင်မိန်းမကြီး၏ ယောကျ်ား ဘိုစိန်ဆိုသူဖြစ်ပုံရသဖြင့် မမြလေးသည် ရင် ထိတ်သွားလေ၏။ ဆိုင်ရှင်မိန်းမကြီးက မျက်နှာရှုံ့မဲ့၍

"ကြံကြီးစည်ရာတော်၊ ဒီအသက်အရွယ်ရောက်မှ ကျွန်မဟာ

လင်ငယ်နေရမှာလား၊ ဘိုစိန် နင်မူးရင် အေးအေးဆေးဆေး အိပ်စမ်းပါ၊ ပတ်ဝန်းကျင်က ကြားလို့မကောင်းပါဘူး”

ဟုပြောလေ၏။

မမြလေးသည် အရက်သမားကြီး၏ အသံကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

ထိုအခါ ဘိုစိန်သည် လှေးကားသို့ လှမ်းကြည့်လိုက်ပြီး ဖိနပ်တစ်ရံကို မြင်တွေ့သွားသောအခါ အရက်မူးနေသဖြင့် ဖိနပ်တစ်ရံကို မြင့်တင်သွားသောအခါ အရက်မူးကဖြင့် ယောကျာ်းစီး၊ မိန်းမစီးဖိ နပ်ဟူ၍ သဲကွဲခြင်းမရှိဘဲ

“ဩော် အပေါ်ထပ်မှာ လင်ငယ်ကို ခေါ်ထားတာကိုး၊ ဒါကြောင့် ငါဖဲရှုံးတာဖြစ်မယ်”

ဟု ဆိုင်ရှင်မိန်းမကြီးဘက်သို့လှည့်၍ အော်ဟစ်လိုက်ရာ မိန်းမကြီး

“ဟဲ့…နင်ဘာပြောတာလဲ၊ မူးရင် အေးအေးဆေးဆေးအိပ်နေစမ်း”

ဟုအော်ဟစ်ပြောဆိုလေ၏။

ထိုအခါ ဘိုစိန်ဆိုသော အရက်သမားကြီးက ဒေါသတကြီးဖြင့်

“မိန်းမတွေဖောက်ပြန်ရင် ယောကျာ်းတွေ ဖဲရှုံးတယ်ဆိုတာ အမှန်ပဲ၊ ဆိုင်မှာ လူတစ် ယောက်ကို ခေါ်အိပ်ပြီး ငါ့ကို ဘယ်သူမှမရှိဘူးလို့ပြောတယ်၊ ဒါဟာ မရိုးသားမှုတစ်ခုပဲ၊ ဒီကိစ္စကို ငါမရရအောင်ရှင်းမယ်၊ ဟဲ့ကောင်မ…ဖယ်စမ်း၊ ငါ အပေါ်ထပ်ကို တက်ပြီး နင့်လင်ငယ်ကို ရှာ မယ်”

ဟုပြောကာ အိမ်ပေါ်ထပ်သို့ ဝရန်းသုန်းကားတက်ရန်ကြိုးပမ်းလေ၏။

ဆိုင်ရှင်မိန်းမကြီးက ဘိုစိန်အား လှေကားဝမှာ ကာဆီးရန် ကြိုးစားသော်လည်း ဘိုစိန်နှင့် ခွန်အားချင်းမမျှသဖြင့် လှေကားအောက်၌ ခွေခွေလေးလဲပြီး ကျန်ရစ်ခဲ့လေ၏။

ဘိုစိန်သည် လှေကားပေါ်သို့ ဒယီးဒယိုင်တက်လာသဖြင့် မမြလေးသည် အလွန်တုန်လှုပ် ချောက်ချားနေပြီး ထမင်းဆိုင်မှ ထွက်ပြေးရန်လမ်းကို ရှာဖွေလေ၏ ။

မမြလေးသည် ထမင်းဆိုင်၏ နောက်သို့ ဆင်းသောလှေကားငယ်လေးကို တွေ့ရလေ၏ ။

မမြလေးသည် ကြောက်ရွံ့ထိတ်လန့်ခြင်းသာ စိုးမိုးနေသဖြင့် လှေကားထစ်များမှ ကမန်းက တန်း ဆင်းပြေးခဲ့လေတော့၏ ။

သူမ လှေကားအောက်သို့ရောက်သောအခါ အရက်သမားဘိုစိန်သည် မမြလေးသည် မြင် တွေ့သွားပြီး လင်ငယ်ဟု ထင်မှတ်ကာ

"ဟော့ကောင်၊ ကြာကူလီ မပြေးနဲ့၊ မပြေးနဲ့"

ဟု အော်ဟစ်ပြီး အရက်သမား၏ ကြောက်မက်ဖွယ်အသံကြီးကို ကြားရသောအခါ ပိုမို ထိတ်လန့်သွားပြီး ခြေကုန်သုတ်၍ ပြေးခဲ့၏ ။

ဘိုစိန်သည် ရူးရူးမူးမူးနှင့် မမြလေး၏ အနောက်သို့ အပြေးအလွှား လိုက်လာလေ၏ ။

မမြလေးသည် ထိတ်လန့်မှု လွန်ကဲနေသဖြင့် လှည့်မကြည့်ဝံ့ဘဲ ပြေးလေ၏ ။

ဘိုစိန်သည် တုတ်ကြီးကိုမြှောက်၍

"ကြာကူလီကောင် မပြေးနဲ့ မပြေးနဲ့"

ဟုအော်ကာ အနောက်မှ ပြေးလိုက်လေ၏ ။ မမြလေးသည် ထိတ်လန့်လွန်း၍ အမှားအမှန် ကို ရှင်းပြရန် မကြိုးစားတော့ဘဲ ညအမှောင်ထဲတွင် ခြေဦးတည့်ရာ ပြေးလွှားနေမိ၏ ။

အတန်ကြာအောင် ပြေးလွှားပြီးနောက် ဘိုစိန် မျက်ခြေပြတ်၍

ကျန်ရစ်ခဲ့လေ၏။

မမြလေးသည် ပြေးရလွန်းသဖြင့် တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ထွက်၍ နေလေ၏။

မမြလေးသည် မောင်ပိန်းပြီး အလင်းရောင်မရှိသော အရပ်သို့ ရောက်နေသဖြင့် ကြောက် ကြောက်ရွံ့ရွံ့ဖြင့် သွားလာနေ၏။

ထိုအခိုက်မှာပင် ခပ်လှမ်းလှမ်းမှ မီးရောင်ကိုမြင်ရသဖြင့် ထိုနေရာသို့ လျှောက်လှမ်းသွားခဲ့ လေ၏။

မီးရောင်နှင့် နီးကပ်လာသောအခါ တယောသံမျှင်မျှင်လေးကို ကြားရလေ၏။

ထိုနေရာသို့ရောက်သောအခါ ခြံဝင်းကြီးတစ်ခုအတွင်းရှိ အိမ်ကြီးတစ်ဆောင်ကို မြင်ရ၏။

တယောသံသည် ထိုအိမ်ကြီးအတွင်းမှ ထွက်ပေါ်နေခြင်းဖြစ်၏။

မမြလေးသည် ခြံတံခါးကို တွန်းဖွင့်ကြည့်သောအခါ တံခါးမှာ အသာအယာပွင့်သွားသဖြင့် ခြံထဲသို့ ဝင်ခဲ့၏။

မီးရောင်မြင်ရသောအခါ အိမ်ကြီး၏ ပြတင်းပေါက်သို့ရောက်သောအခါ ပြတင်းပွင့်နေပြီး ခန်းဆီးများသာ ကာရံထားကြောင်း တွေ့ရ၏။

မမြင်လေးသည် ခန်းဆီးကိုလှပ်၍ ချောင်းကြည့်လိုက်၏။

ထိုအခါ အိမ်ကြီးအတွင်းမှ မီးအိမ်နီကလေးများနှင့် ဖယောင်းတိုင်ရောင်စုံများမှ အလင်း ရောင်ထွက်နေကြောင်း တွေ့ရ၏။

မမြလေးသည် အိမ်ကြီးအတွင်းရှိ မြင်ကွင်းအပြည့်အစုံကိုမြင် ရသောအခါ အလွန်အံ့ဩ သွားမိ၏။

အိမ်ကြီးအတွင်း၌ ချောမောလှပသော မိန်းမတစ်ယောက်သည် ပြတင်းပေါက်ကို ကျောပေး ပြီး တယောထိုးနေ၏ ။

သူမသည် အလွန်ပါးလျာသော ပိုးသားဝတ်စုံကို ဝတ်ဆင်ထားပြီး ပိတုံးရောင်ကေသာများ မှာ ကျောလယ်သို့ ဖြန့်ချထား၏ ။

မိန်းမလှသည် ကနုတ်ပန်းထိုင်ခုံပေါ်တွင် ခြေချိတ်ပြီးထိုင်နေသဖြင့် ဝင်းမွတ်ပြည့်တင်း သော ခြေသလုံးအလှကို မြင်တွေ့ရ၏ ။ သူမ၏ အနီးတွင် မိန်းမပျိုသုံးယောက်ရှိနေကြောင်းတွေ့ရ၏

ထို့ကြောင့် တယောသံကို နားဆင်နေသော မိန်းမပျိုသုံးယောက်သည် ဝမ်းနည်းကြေကွဲ ဟန်ဖြင့် မျက်ဝန်းမှမျက်ရည်များစီးကျနေ၏ ။

မမြလေးသည် အလွန်ကြေကွဲဖွယ်ကောင်းသော တယောသံကို နားဆင်ရသဖြင့် ရင်ထဲ တွင်ဆို့နစ်သလိုဖြစ်သော်လည်း မျက်ရည်စို့လောက်အောင် ဝမ်းနည်းကြေကွဲခြင်း မဖြစ်ချေ။

ချောမောလှပသောမိန်းမသည် မျက်လုံးမှေးစင်းပြီး ကြေကွဲဖွယ် တေးသွားရှည်ကြီးကို တ ယောထိုးခြင်းကို ရပ်တန့်လိုက်လေ၏ ။

ထိုအခါ နားဆင်နေသော မိန်းမချော သုံးယောက်အနက်တစ်ယောက်က မျက်ဝန်းအစုံတွင် ရစ်ဝဲနေသော မျက်ရည်များကိုသုတ်၍

“မမရဲ့ တယောသံကိုကြားရတာ ရင်ထဲမှာ ဆို့နစ်သွားတာပဲ မမရယ်၊ ကျွန်မတို့ ဘယ်လိုမှ ထိန်းလို့မရဘူး”

ဟု ပြောလေ၏ ။

ထိုအခါ ကျန်သောမိန်းမပျိုနှစ်ယောက်အနက် တစ်ယောက်ယောက်ကလည်း

“ဟုတ်တယ်မမရယ်၊ ကျွန်မရင်ထဲမှာ တစ်ယောက်ယောက်နဲ့

ခွဲခွာနေရသလို ခံစားရတယ်၊ ခွဲခြားခြင်းဆိုတာ သိပ်ကြောက်စရာကောင်းမှာပဲနော်”

ဟု ရေရွတ်လေ၏ ။

ချောမောလှပသောမိန်းမသည် မျက်လုံးမှေးစင်းပြီး ကြေကွဲဖွယ် တေးသွားရှည်ကြီးကို တ ယောဖြင့် သရုပ်ဖော်နေလေ၏ ။

မိန်းမလှသည် အတန်ကြာအောင် စျာန်ဝင်ထိုးနေပြီးမှ တယောထိုးခြင်းကို ရပ်တန့်လိုက် လေ၏ ။

ထိုအခါ နားဆင်နေသော မိန်းမချော သုံးယောက်အနက် တစ်ယောက်က မျက်ဝန်းအစုံ တွင် ရစ်ဝဲနေသော မျက်ရည်များကိုသုတ်၍

“မမရဲ့ တယောသံကိုကြားရတာ ရင်ထဲမှာ ဆို့နစ်သွားတာပဲ မမရယ်၊ ကျွန်မတို့ ဘယ်လို မှထိန်းလို့မရဘူး”

ဟု ပြောလေ၏ ။

ထိုအခါ ကျန်သောမိန်းမပျိုနှစ်ယောက်အနက် တစ်ယောက်ကလည်း

“ဟုတ်တယ်မမရယ်၊ ကျွန်မရင်ထဲမှာ တစ်ယောက်ယောက်နဲ့ ခွဲခွာနေရသလို ခံစားရတယ် ခွဲခွာနေရသလို ခံစားရတယ်၊ ခွဲခွာခြင်းဆိုတာ သိပ်ကြောက်စရာကောင်းမှာပဲနော်”

ဟု ရေရွတ်လေ၏ ။

ချောမောလှပသောမိန်းမသည် မိန်းမပျိုများကို စကားမတုံ့ပြန်ဘဲ အနီးရှိ မိန်းမပျိုတစ်ဦး လက်သို့ သူမ၏ တယောကိုအပ်လိုက်၏ ။

ထိုအခါ မိန်းမပျိုက ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားသော အလွန်လှပသည့် တယော ဘူးထဲသို့ တယောကို ထည့်လိုက်၏ ။
တယောထိုးသောမိန်းမလှသည် အနောက်သို့လှည့်မကြည့် ဘဲ

"မဖိတ်ခေါ်ပဲရောက်လာတဲ့မိန်းကလေး၊ အမှောင်ထဲကထွက်ပြီး တို့ဆီကို ရောက်လာခဲ့ပါ"

ဟု ဖိတ်ခေါ်လေ၏။

မမြလေးသည် သူမ ပုန်းအောင်နေခြင်းကို မိန်းမလှသိရှိနေသည့်အတွက် အလွန်အံ့သြနေ မိ၏။

မိန်းမလှက ဆက်လက်၍ သာယာသောအသံဖြင့်

"တို့ကို ကြောက်စရာမလိုပါဘူးကွယ်၊ မင်းကို မှဲ့တစ်ပေါက် မစွန်းစေရပါဘူး၊ အမှောင်ထဲ က ထွက်ခဲ့ပါ"

ဟု ပြောလေ၏။

မဲမလေးသည် ပုန်းအောင်းနေသော မမြလေးကို အံ့သြဟန်ဖြင့် ကြည့်ကြလေ၏။

မိန်းမလှသည် မမြလေးဘက်သို့ လှည့်လိုက်သောအခါ မမြလေးသည် သူမ၏ မျက်နှာကို ကြည့်၍ နတ်သမီးတစ်ပါးကဲ့သို့ ချောမောလှပသဖြင့် ပါးစပ်အဟောင်းသားဖြစ်မိ၏။

နတ်မိမယ်နှင့်တူသောမိန်းမသည် မမြလေး၏ မျက်ဝန်းအစုံကို ကြည့်၍ အံ့သြဟန်ဖြင့်

"ဟင်....မင်းဆီမှာ ဝမ်းနည်းကြေကွဲတဲ့အမူအရာမတွေ့ပါလား၊ အလွန်ထူးဆန်းတာပဲ၊ ငါ့ရဲ့ တယောသံကို မင်းကြားနေရတာ ကြာပြီ၊ မင်းရောက်နေတာကို ငါသိနေခဲ့တယ်၊ ငါတယောထိုး နေတုန်းက ငါ့ရဲ့နောက်မှာ လှုပ်ရှားသံသဲ့သဲ့ကြားရတယ် မင်းဆီမှာ မွှေးပျံ့တဲ့နံ့သာ နံ့တစ်မျိုးကို လည်းရတယ်၊ ဒါကြောင့် ငါရဲ့အနောက်မှာ တိတ်တခိုး ရောက်နေသူဟာ မိန်းမပျိုတစ်ယောက် ဆိုတာ ရိပ်စားမိတယ်၊ ထူးဆန်းတာက မင်းရဲ့မျက်ဝန်းမှာ မျက်ရည်မရှိပါလား၊

မင်းခံစားတတ်ဘူး လား”

ဟု ဆိုကာ မမြလေး၏ မျက်လုံးအစုံကို အံ့သြဟန်ဖြင့် ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

“အို….မင်းမှာ ခံစားချက်ရှိပါတယ်၊ မင်းဟာ သိပ်ပြီးတော့ ခံစားတတ်တဲ့မိန်းကလေးပဲ၊ ဒီလို မိန်းကလေးက ငါ့ရဲ့တယောသံကို ဘာကြောင့် မခံစားနိုင်တာလဲ၊ မင်းခံစားရမယ်”

ဟု အလွန်အံ့သြဟန်ဖြင့် တတွတ်တွတ်ပြောလေ၏။

ပြီးနောက် မျက်မှောင်ကြုတ်၍ စဉ်းစားဟန်ပြုလိုက်ပြီး မမြလေးဘက်သို့ ဆတ်ခနဲလှည့်၍

“ငါသိပြီ၊ သိပြီ၊ အဖြေကိုသိပြီး၊ မိန်းကလေး မင်းရဲ့ဘဝမှာ ဝမ်းနည်းပူဆွေးမှုတွေ အကြီး အကျယ်ကြုံတွေ့ခဲ့တယ်၊ ရုန်းကန်ကြိုးစားမှုတွေ၊ ရင်ဆိုင်တိုက်ပွဲတွေအတွက် မင်းရင်ထဲမှာ စိုးရိမ် သောကတွေနဲ့ တင်းကြပ်နေတယ်မဟုတ်လား၊ မင်းရဲ့အနာဂတ်ရည်မှန်းချက်တွေအတွက် ရင်မောနေရတယ် မဟုတ်လား”

ဟု မေးမြန်းလေ၏။

မမြလေးသည် နတ်မိမယ်ကဲ့သို့ ချောမောလှပသော မိန်းမ၏ စကားကြောင့် လွန်စွာအံ့သြ သွားလေ၏။

နတ်မိမယ်သည် သူမ၏ ရင်ထဲသို့ ထိုးဖောက်ပြီး မြင်တွေ့ပြောပြလေ၏ ။

နတ်မိမယ်နှင့်တူသော မိန်းမက သက်ပြင်းချ၍

“ညလည်း အတော်နက်နေပြီ၊ မင်းအတွက်အန္တရယ်မရှိဘူး၊ မှည့်တစ်ပေါက်မစွန်းစေဖို့ ငါ တာဝန်ယူပါတယ်”

ဟု ပြောလေ၏ ။

ထိုအခါ မမြလေးက ဤအိမ်ကြီးတွင် အိပ်စက်ခွင့်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောလေ၏ ။

ခဏကြာလျှင် မိန်းမပျိုတစ်ဦးက မမြလေးကို အခန်းလွတ်တစ်ခန်းသို့ ခေါ်ဆောင်သွားလေ ၏ ။ အိပ်ခန်းထဲတွင် အညိုရောင် ကော်ဇောခင်းထားပြီး ရှေးကျသော ခုတင်၊ ဗီရို၊ မှန်တင်ခုံကြီး များ ရှိကြောင်း တွေ့ရ၏ ။

မမြလေးသည် သူ့တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မအိပ်စက်ဘူးသော မွေ့ရာထူထူကြီး ပေါ်သို့ လှဲ့ချရင်း ထူးဆန်းသော အိမ်ကြီးရှိ လူအများအကြောင်းကို စဉ်းစားနေမိ၏ ။

နတ်မိမယ်လို ချောမောလှပသောမိန်းမ၏ မျက်လုံးများကို မမြလေး သေချာစွာစိုက်မကြည့် ဝံ့ချေ။ သူမမျက်လုံးများ၏ ညှို့ငင်မှုကြောင့် ရင်ထဲတွင် မလုံမခြုံသလို ခံစားရ၏ ။

မည်သို့ပင်ဖြစ်စေ နတ်မိမယ်သည် မမြလေးအား ကရုဏာသက်ဟန်ရှိကြောင်း တွေ့ရ၏ ။ နတ်မိမယ်သည် စိတ်သဘောထားတည်ကြည်ပြီး တင်းမာပြတ်သားသော ခေါင်းဆောင်တစ်ဦး၏ ဟန်ပန်လည်း ရှိ၏ ။

ဤမျှရှေးဆန်ပြီး ခမ်းနားသော အိမ်ကြီးထဲတွင် ဤမိန်းမများ အဘယ်ကြောင့် ရောက်ရှိနေ သည် မသိချေ။

သူတို့အားလုံး ထူးခြားဆန်းကြယ်ကြ၏ ။ နေပုံထိုင်ပုံမှာလည်း လျှို့ဝှက်နက်နဲ၏ ။ မမြလေး သည် ရှေးဆန်းသော အိမ်ကြီး၌ နေထိုင်သော မိန်းကလေးများအကြောင်းကို တွေးရင်း ရှေးက ကြားဖူးနားဝရှိသော ထိတ်လန့်စရာများအကြောင်းကို သတိရလာ၏ ။

ထိုသို့ သတိရပြီးနောက် ကြောက်ရွံ့စိတ်ကြောင့် ကြက်သီးတဖြန်းဖြန်း ထနေလေ၏ ။

ငယ်စဉ်က ကျတ်များရှိရာသို့ ရောက်သွားသော ခရီးသွားများသည် ညဘက် ကျတ်များနှင့် ပျော်ပျော်ပါးပါး စားသောက်ပြီး မနက်မိုးလင်းသောအခါ သင်္ချိုင်းကျတ်ကုန်းမြေပေါ်သို့ ရောက်ရှိနေ တတ်၏ ။

ယခု သူမကိုယ်တိုင်လည်း ကျတ်များနှင့် တွေ့ဆုံနေသည်လား မသိ။ မမြလေးသည် ကြောက်ရွံ့စိတ်ကြောင့် အိပ်မပျော်ဘဲ အရုဏ်တက်အချိန်မှသာ အိပ်ပျော်သွားလေ၏ ။

နံနက် နေအတော်မြင့်သောအခါမှသာ သူမအခန်းတံခါးခေါက်သံကြားရ၏ ။ မမြလေးသည် မိန်းမပျိုခေါ်ဆောင်ရာ နောက်သို့လိုက်ပြီး နံနက်စာကို စားသောက်ရ၏ ။

ထူးဆန်းသောအိမ်ကြီး၌ နံနက်စာကို မြန်မာဆန်ဆန်ဖြင့် စုံလင်စွာ ပြင်ဆင်ထား၏ ။ မ မြလေးသည် ရှည်လျားရှည်လျား၍ ဖိတ်ဖိတ်တောက်နေသော စားပွဲကြီး၌ တစ်ကိုယ်တည်း စားသောက်ရ၏ ။

ပြီးနောက်တွင်မူ မိန်းမပျိုက မမြလေးအား အိမ်ကြီး၏ အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ ၏ ။ အိမ်ကြီး၏ အပေါ်ထပ်တွင် ကျယ်ဝန်းသော ဝရံတာကြီးရှိပြီး ဝရန်တာမှာ ကျောခိုင်းပြီးထိုင်နေ သည့် နတ်မိမယ်၏ နောက်ကျောကို မြင်ရ၏ ။

သူမ၏ ရှည်လျားနက်မှောင်သော ဆံပင်များသည် လေတိုက်ခတ်မှုကြောင့် တလူလူလွင့် နေ၏ ။ မမြလေးအနီးကို ရောက်သောအခါ မိန်းမလှက အနောက်ကို လှည့်မကြည့်ဘဲ

“မင်းရောက်နေပြီလား မိန်းကလေး”

ဟု မေးမြန်းလေ၏။ မမြလေးက ခေါင်းညိတ်၍

"ဟုတ်ကဲ့၊ ကျွန်မကို ဒီအိမ်မှာ တည်းခိုခွင့်ပေးတာ ကျေးဇူးတင်ပါတယ်"

ဟု ပြောလေ၏။ ထိုအခါ နတ်မိမယ်ကဲ့သို့ ချောမောလှပသော မိန်းမက

"မင်းဟာ ငါ့အတွက် မှတ်ရစရာ ကောင်းတဲ့မိန်းကလေးပဲ၊ ငါဟာ တယောပညာကို ငယ် စဉ်ကတည်းက အရူးအမူး လိုက်စားခဲ့တယ်၊ ငါ့ရဲ့အနုပညာအစွမ်းနဲ့ စိတ်အားငယ်နေတဲ့လူကို တတ်ကြွအောင်၊ စိတ်ဓာတ်ကျနေတဲ့လူကို စိတ်ပျော်ရွှင်အောင် စွမ်းဆောင်နိုင်ခဲ့တယ်၊ ငါဟာ စိတ္တဇဝေဒနာရှင်တွေကိုတောင် ကုစားနိုင်ခဲ့တယ်၊ ငါ့ရဲ့တယောသံကို နားဆင်ရရင် ပျော်စရာရွှင် ဝမ်းမြောက်ရမယ်၊ ဝမ်းနည်းစရာအသံကို ကြားရင် ဝမ်းနည်းကြေကွဲရမယ်၊ ငါ့ရဲ့တယောသံက ခံစားချက်တွေ ဖြစ်ပေါ်စေတယ်ဆိုတာ ငါသိပ်ဂုဏ်ယူတယ်၊ ဒါပေမဲ့ မင်းနဲ့ပတ်သက်ပြီး ငါ့ရဲ့အနုပ ညာစွမ်းမပြနိုင်တာ ငါဝမ်းနည်းတယ်"

ဟု ပြောရင်း နတ်မိမယ်သည် လေမှာဝဲပျံနေသော ရွက်ကြွေများကို ငေးမောကြည့်နေ၏။

နတ်မိမယ်သည် မမြလေးကိုကြည့်၍ သာယာနာပျော်ဖွယ်ကောင်းသောအသံဖြင့်

"မင်းဟာ ဘဝရည်မှန်းချက်တွေထားပြီး ကြီးမားအောင်မြင်ဖို့ ကြိုးစားနေတဲ့ မိန်းကလေး တစ်ယောက်ပဲ၊ မင်းကို ငါ ကူညီပေးရမယ်"

ဟု ပြောလေရာ မမြလေးသည် အလွန်စိတ်လှုပ်ရှားသွားပြီး

"ကျွန်မဟာ ကြီးပွားအောင်မြင်ချင်တဲ့စိတ်တွေရှိပေမဲ့ အမှောင်ထဲမှာ စမ်းတဝါးဝါးလျှောက် နေသလိုပဲ ဘဝရည်မှန်းချက်တွေ အကောင်အထည်ပေါ်အောင် ဘယ်လိုလုပ်ရမလဲ မသိဘူး မမ ကူညီပေးမယ်ဆိုရင်

အတိုင်းမသိ ဝမ်းသာပါတယ်”

ဟု ပြောလေ၏။ ထိုအခါ နတ်မိမယ်နှင့်တူသော မိန်းမကတည်ကြည်သော ဟန်ပန်ဖြင့်

“ငါ့မှာ ကြီးပွားအောင်မြင်ခြင်းနဲ့ပတ်သက်တဲ့ အဖိုးတန် နည်းလမ်းကောင်းတစ်ခုရှိတယ်၊ ဒါဟာ ကြီးပွားအောင်မြင်ခြင်းအတွက် အဓိကကျတဲ့ လျှို့ဝှက်ချက်လေးတွေပဲ၊ ဒီလျှို့ဝှက်ချက် လေးတွေကို မင်းအတွက်ပေးမယ်၊ တကယ်တော့ ဒါတွေကို ငါအလွယ်တကူရခဲ့တာ မဟုတ်ဘူး ငါ သိပ်ကံကောင်းလို့ရခဲ့တာပဲ”

ဟု ပြောရင်း နတ်မိမယ်သည် အဝေးဆီသို့ ငေးမောကြည့်နေ၏။ မမြေလေးသည် မိန်းမလှ ၏ စကားကို နားစွင့်နေမိ၏ နတ်မိမယ်က ဆက်လက်၍

“ငါဟာ မြန်မာလူမျိုးတစ်ယောက်မဟုတ်ဘူး၊ တိဘက်နန်းတွင်းသူတစ်ဦးပဲ၊ ငါတို့တိဘက် ပြည်ဟာ မင်းတို့မြန်မာပြည်ရဲ့ ထိပ်ဖျားလောက်မှာရှိနေတယ်”

ဟု ပြောလေရာ မမြေလေးသည် နတ်မိမယ်၏ စကားကြောင့် အလွန်အံ့သြသွားလေ၏။

နတ်မိမယ်သည် အလွန်ချောမောလှပသော်လည်း မြန်မာမိန်းမတစ်ယောက်နှင့်မတူပဲ တိုင်းတပါးသူနှင့် တူနေခြင်းကို ရိပ်စားမိသွားလေ၏။

နတ်မိမယ်က သူမဘဝနောက်ကြောင်းကို ဆက်ပြောလေ၏။

“ငါဟာ တိဘက်ပြည်ရဲ့ ထိပ်တန်းဆယ်အိမ်ထောင်စာရင်းဝင် အဆင့်အတန်းမြင့်တဲ့ မိသားစုက ပေါက်ဖွားလာခဲ့တယ် အဖေဟာ ပေါတလနန်းတော်မှာ အတော်သြဇာညောင်းတယ်၊ တိဘက်နန်းတွင်းမှာ

ကဗျာအလင်္ကာနဲ့ စာပေကိုသာမက ဆေးပညာကိုပါ သင်ကြားပေးတယ်၊ တိဘက်ဆေးပညာက တစ်နည်းတစ်ဖုံ အစွမ်းထက်ကြောင်း ကမ္ဘာပေါ်မှာ ကျော်ကြားတယ်၊ ငါ ငယ်စဉ်တုန်းက ချစ်စဖွယ်ကောင်းတဲ့ ရုပ်ဆင်းသဏ္ဍာန်ရှိတဲ့အတွက် ငါ့ကို နန်းတွင်းမှာ ချစ်ခင်တဲ့ သူ အတော်ပေါများတယ်၊ ပေါတလနန်းတော်မှာ ကိုယ်တော်မြတ်ကြီးကို အကြံဉာဏ်ပေးတဲ့ ပ ညာရှိသုခမိန်ကြီးဟာ ငါ့ကို မြေးအရင်းတစ်ယောက်လို ချစ်ခင်တယ်၊ တစ်နေ့တော့ ငါတို့ကိုစာ သင်ပေးတဲ့ ဆရာကြီးဟာ တိဘက် ဘာသာနဲ့ ရေးဖွဲ့ထားတဲ့ အလွန်ရှည်တဲ့ကဗျာရှည်ကြီးကို ကျက်မှတ်ခိုင်းတယ်၊ တကယ်တော့ ဒီကဗျာကြီးဟာ တိဘက်ထီးနန်းစဉ်ဆက် အကြောင်းတွေကို ဖွဲ့ဆိုထားတဲ့ အလွန်ရှည်တဲ့ ကဗျာရှည်ကြီးပါ၊ ဒီကဗျာရှည်ကြီးကိုကျက်မှတ်ဖို့ အတော်မလွယ်ဘူး၊ တိဘက်နန်းတွင်းကဗျာရှည်ကြီးကို ရွတ်ပြနိုင်မှသာလျှင် နန်းတွင်းအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်မှာဖြစ်တယ်၊ ဒါပေမဲ့ တိဘက်နန်းတွင်းအရည်အချင်းစစ်စာမေးပွဲနီးလာပေမဲ့ ကဗျာရှည် ကြီးကို ကျက်မှတ်လို့ မရတဲ့အတွက် ငါဟာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရတယ်၊ ဒါကြောင့် ဥယျာဉ် တော်ကြီးနံဘေးက ရေကန်အနီးမှာ တိတ်တဆိတ်သွားပြီး ရှိုက်ငိုနေမိတယ်”

ဟု ပြောလေ၏။ မမြလေးသည် နတ်မိမယ်ပြောပြသော စိတ်ဝင်စားဖွယ် အကြောင်းအရာ များကို နားစွင့်နေမိ၏။ နတ်မိမယ်သည် ခဏမျှနားလိုက်ပြီးနောက်

“ဒီအချိန်မှာပဲ ငါ့ကို အလွန်ချစ်တဲ့ နန်းတွင်းသုခမိန်ကြီးရောက်လာပြီး အကျိုးအကြောင်း ကို မေးတယ်၊ ငါဟာ စာကျက်လို့မရတဲ့အတွက် စိတ်ညစ်ပြီး ငိုယိုနေကြောင်းပြောတယ်၊ ဒီအခါမှာ သုခမိန်ကြီးဟာ ငါ့ကို ကရုဏာသက်သွားပြီး နောက်တစ်နေ့မှာ ပေါတလနန်းတော်ကိုခေါ်ပြီး အလွန်ရှေးကျ ပုရပိုက်တဆူကို ငါ့အတွက်ပေးတယ်၊ ဒီပုရပိုက်ကို ရွှေနန်းတော်သို့သွားရာလမ်းလို့ ခေါ်တယ်၊

ရွှေနန်းတော်ပုရပိုက်ထဲမှာ ဘဝ အောင်မြင်ရေးအတွက် အလွန်အရေးပါတဲ့ နည်းလမ်း တွေပါရှိတယ်၊ ဒီရွှေနန်းတော်ပုရပိုက်ဟာ လွန်လေပြီးသော ကိုယ်တော်မြတ်ကြီးလက်ထက်က ပညာရှိသုခမိန်ကြီး ပြုစုခဲ့တာပဲ၊ ဘဝအောင်မြင်ရေးအတွက် ရွှေနန်းတော်ပုရပိုက်ဟာ အလွန်အ ဖိုးထိုက်တန်တယ်၊ ငါ့ဘဝတလျှောက်လုံး ရွှေနန်းတော်ပုရပိုက်ကို အသုံးချပြီး အောင်မြင်မှုတွေ အများကြီးရခဲ့တယ်၊ အခက်အခဲတွေ အများကြီး ကျော်လွန်ခဲ့တယ်၊ ဘဝမှာဒုက္ခတွေနဲ့ကြုံတွေ့တဲ့ အခါတိုင်း ရွှေနန်းတော် ပုရပိုက်ကို ဖတ်ရှုပြီး ဖြေရှင်းခဲ့ရတယ်၊ ငါ့ရဲ့ ရွှေနန်းတော်ပုရပိုက်ကို မင်း အတွက်လက်ဆောင်အဖြစ်ပေးခဲ့မယ်”

ဟု ပြောလေ၏။ မမြလေးသည် နတ်မိမယ်၏ စကားကြောင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ် သွားပြီး

“ကျွန်မဘဝမှာ အောင်မြင်ချင်တဲ့စိတ်တွေရှိပေမဲ့ ဘယ်လိုခရီးဆက်ရမယ်ဆိုတာ နည်း လမ်းမရှိခဲ့ဘူး၊ မမက အောင်မြင်တဲ့နည်းလမ်း ပေးမယ်ဆိုတော့ အလွန်စိတ်အားတက်ကြွမိတယ်၊ ဖော်မပြနိုင်အောင်လည်း ဝမ်းသာမိပါတယ်”

ဟု ပြောလေ၏။ ထိုအခါ နတ်မိမယ်က သက်ပြင်းချ၍

“မင်းဟာ ငါ့ရဲ့တယောပညာနဲ့ပတ်သက်ပြီး အမှတ်တရဖြစ်နေတဲ့အတွက် ရွှေနန်းတော် ပုရပိုက်ကို မင်းအတွက်ပေးခဲ့တာပါ၊ ဒါပေမဲ့ ရွှေနန်းတော်ပုရပိုက်ကို ဒီအတိုင်း ပေးလို့မဖြစ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ရွှေနန်းတော်ပုရပိုက်ထဲက စာတွေကို အလွန်ရှေးဆန်တဲ့ တိဘက်ဘာ သာနဲ့ရေးထိုးထားလို့ပဲ၊ ဒါကြောင့် ရွှေနန်းတော်ပုရပိုက်ကို မြန်မာဘာသာနဲ့ ရေးထိုးပေးမယ်”

ဟု ပြောလေရာ မမြလေးသည် နတ်မိမယ်ကို

အလွန်ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်အ ထပ်ထပ် ပြောဆိုပေးလေ၏။

ထို့ကြောင့် နတ်မိမယ်မြန်မာပြန်ဆိုသော ရွှေနန်းတော်စာသားများသည် မူရင်းတိဘက်ဘာ သာမှ ငါးပုံတစ်ပုံမျှပင်ရှိကြောင်းသိရ၏။

နတ်မိမယ်သည် စာအုပ်ထဲတွင် သုံးရက်တိတိ ရေးသားပေးလေ၏။ နတ်မိမယ်က

"ရွှေနန်းတော်ဟာ အတိုချုပ်ဆိုပေမဲ့ မင်းအတွက်အသုံးဝင်မှာ သေချာတယ်၊ ရွှေနန်းတော် ထဲက နည်းလမ်းတွေကို လိုက်နာကျင့်ကြံမယ်ဆိုရင် မင်းဘဝက ရွှေနန်းတော်ကို ရောက်သွားတာ နဲ့ အတူတူပါပဲ၊ ရွှေနန်းတော်ကို ရေးသားတဲ့လူဟာ တိဘက်နန်းတွင်းမှာ ပညာဉာဏ်နဲ့ အပြည့်အ စုံဆုံးပဲ၊ သူဟာ စာပေလင်္ကာနဲ့ပတ်သက်တဲ့ကျမ်းတွေကို ထုံးလိုမွှေ ရေလိုနှောက်ထားတယ်၊ အတွေးအခေါ် ဒဿနနဲ့ပတ်သက်တဲ့ကျမ်းတွေကိုလည်း ကျွမ်းကျင်နှံ့စပ်တယ်၊ သူလိုလူမျိုးရေး ထားတဲ့ ရွှေနန်းတော်စာအုပ်ဟာ ဖတ်ရှုတဲ့သူအတွက် အကျိုးများမှာ သေချာတယ်"

ဟုပြောလေ၏။ မမြလေးသည် အလွန်ဝမ်းသာသွားပြီး တုန်ယင်သောလက်များဖြင့် သာ ရေးဖုံးစာအုပ်ကို ယူလိုက်ပြီး ရင်ဘတ်မှာ ကပ်ထားလိုက်၏။

ပြီးနောက် နတ်မိမယ်ကို ကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောဆို၏။ နတ်မိမယ်က လက်ကာပြလိုက်ပြီး

"ငါ့ကို ကျေးဇူးတင်တယ်ဆိုရင် ကြိုးစားချမ်းသာလာတဲ့အခါ အားနည်းတဲ့သူတွေဘက် က ရပ်တည်ပေးပါ၊ နိမ့်ကျတဲ့လူတွေဘက်က ဖေးမပေးပါ၊ ကမ္ဘာပေါ်မှာ အကူအညီလိုတဲ့လူတွေ အများကြီးပါ၊ သူတစ်ပါးကို ဘယ်တော့မှ ဖိနှိပ်ချုပ်ချယ်မှုမလုပ်ပါနဲ့၊ မင်းနဲ့ငါဟာ နောက်တစ်ကြိမ် ပြန်တွေ့ဖို့မလွယ်ပါဘူး၊ ငါ မြန်မာပြည်ကို အလည်ရောက်လာတာဟာ အလွန်ရှေးကျတဲ့ဘုရား

တွေကိုဖူးမျှော်ချင်လို့ပါ၊ ရွှေနန်းတော်ထဲကနည်းလမ်းတွေကို တိတိကျကျလိုက်နာရင် မင်းတစ် နေ့ကြီးပွားအောင်မြင်မှာပါ”

ဟု ပြောလေ၏။

မြမြလေးသည် မိန်းမလှလေးကို ကျေးဇူးတင်လွန်းသဖြင့် ရိုသေစွာ ကန်တော့လိုက်မိ၏။ ထိုနေ့ညသို့ရောက်လျှင် မမြလေးသည် အိပ်ရာဝင်ကာနီးတွင် စာအုပ်ကလေးကို ထုတ်လိုက်၏။ ထို့နောက် တုန်ယင်သောလက်များနှင့် ဖတ်ရှုကြည့်လိုက်သောအခါ ပထမဆုံး စာမျက်နှာတွင်

“သန့်ရှင်းသပ်ရပ်စွာ နေထိုင်ပါ”

ထိုခေါင်းစဉ်အောက်တွင် အောင်မြင်ကျော်ကြားလိုသူများသည် သန့်ရှင်းသပ်ရပ်စွာ နေထိုင် ရမည်ဟု ဆိုထား၏။ စိတ်နှင့်ရုပ်ဆက်သွယ်ပုံကိုလည်း ရှည်လျားစွာ ရှင်းလင်းထား၏။

လူသည် သန့်ရှင်းသပ်ရပ်စွာ နေထိုင်မှသာလျှင် စိတ်ဝိညာဉ် သန့်ရှင်းပြီး မိမိရည်မှန်းချက်ကို အလွယ်တကူ အကောင်အထည်ဖော်နိုင်ကြောင်း ဖော်ပြထား၏ ။

မမြလေသံသည် အောင်မြင်ကြီးပွားဖို့အတွက် သန့်ရှင်းသပ်ရပ်စွာ နေထိုင်ရကြောင်း တဖွဲ တနွဲ့ရေးသားထားသဖြင့် အံ့သြသွားမိ၏။

ဤမျှ ထင်ရှားကျော်ကြားသော ရွှေနန်းတော်သို့သွားရာလမ်း စာအုပ်မှ အလွန်ရိုးရှင်းသော နည်းလမ်းကို မြင်ရသဖြင့် မယုံနိုင်အောင်ဖြစ်သွားမိ၏။

လူသည် အသက်ရှင်နေထိုင်စဉ် သန့်ရှင်းသပ်ရပ်စွာ နေထိုင်ရကြောင်း ငယ်စဉ်ကပင် ကြား ဖူးနားဝရှိ၏။ ယခု ရွှေနန်းသို့သွားရာလမ်း စာအုပ်တွင် အရေးတကြီးဖွင့်ဆိုထားသဖြင့် နားမလည် သကဲ့သို့ ဖြစ်မိ၏။

မမြလေးနောက်တစ်ရွက်ကိုလှန်၍ ဖတ်ရှုကြည့်သောအခါ

တိဘက်တို့၏ ဝိညာဉ်အယူ အဆအရ လူများအားလုံးဆွေမျိုးတော်စပ်ကြောင်း ဖော်ပြထားလေ၏။

တိဘက်တို့သည် လူအချင်းချင်း သံသရာတစ်ကွေ့ကွေ့တွင် ဆွေမျိုးတော်စပ်ကြောင်း ယူဆကြ၏။ ထို့ကြောင့် လူအများကို မိမိဆွေမျိုးရင်းချာကဲ့သို့ သဘောထားရန် ဟူပါရှိ၏။

မမြလေးသည် နောက်ထပ် စာမျက်နှာတစ်ရွက်ကို ထပ်လှန်ကြည့်၏။ ထိုစာမျက်နှာတွင် မိမိ၏ ပိုင်ဆိုင်မှုအတွက် ခုခံကာကွယ်နိုင်ရမည်ဟု ရေးသားထား၏။

ကေသရာဇာခြင်္သေ့မင်းဟာ ကိုယ့်ရဲ့ပိုင်ဆိုင်မှုနယ်မြေကို ထိန်းသိမ်းကာကွယ်နိုင်စွမ်းရှိ သကဲ့သို့ ကြီးပွားအောင်မြင်ချင်သူဟာ မိမိရဲ့ပိုင်ဆိုင်မှုကို ခုခံကာကွယ်နိုင်ရမည်ဟု ရေးသားထား လေ၏။

မမြလေးသည် ရွှေနန်းတော်သို့သွားရာ လမ်း စာအုပ်ငယ်လေးကို တစ်ရွက်တစ်ရွက်လှန် ဖတ်နေမိ၏။ စာမျက်နှာတစ်ခုသို့ရောက်သောအခါ တိဘက်လူမျိုးများအားလုံး မြင်းစီးကောင်းခြင်း ကိုရေးသားထား၏။

တိဘက်တို့တွင် မြင်းကိုအလေးအမြတ်ထား၍ မိမိနှင့်သင့်တော်သောမြင်းကို ရွေးချယ်၍ စီး တက်ကြောင်း ဖော်ပြထား၏။

တိဘက်တို့ သင့်တော်သောမြင်းကို ရွေးစီးတက်ကြသလို မိမိဘဝနှင့် သင့်တော်သောအ လုပ်ကို ရွေးချယ်၍ လုပ်တတ်ရန် အရေးကြီးကြောင်း ဖော်ပြထား၏။

တိဘက်လူမျိုးတို့ တစ်သက်လုံး စားသောက်သောမုန့်ကိုဓမ္မာဟုခေါ်၏။ အချို့သောတိ ဘက်လူမျိုးများသည် တစ်သက်လုံး ဓမ္မာကိုပင် စားသောက်၍ အသက်ရှင်သန်ကြ၏။

ဓမ္မာမုန့်လုပ်သောအခါ ဓမ္မာမုန့်ကို မတူးမခါးအောင်အရသာကောင်းမွန်အောင် ပြုလုပ်ရန် အရေးကြီး၏ ။ သတိလည်းထားရ၏ ။ ဓမ္မာမုန့်ကို ကောင်းမွန်အောင်ပြုလုပ်ရန်အတွက် အတွေ့အကြုံ လိုအပ်၏ ။

ထိုအတွေ့အကြုံကို မှတည်ပြီးကောင်းသည်ထက်ကောင်းမွန်အောင် ပြုလုပ်ကြ၏ ။ လောက တွင် အောင်မြင်ကြီးပွားရန် အလုပ်လုပ်ရာ၌ ဓမ္မာမုန့်ကို အခြေခံ၍ ကောင်းသည်ထက်ကောင်း အောင် ပြုလုပ်ရမည်။

အရေးကြီးဆုံးမှာ အတွေ့အကြုံကို လေးနက်စွာစောင့်ကြည့်ပြီး ကောင်းအောင်လုပ်ရမည် ဘဝင်တွင် အောင်မြင်ကြီးပွားရန်အတွက် ဓမ္မာမုန့်လုပ်သကဲ့သို့ ကောင်းသည်ထက်ကောင်းအောင် လုပ်ရမည်။

မမြလေးသည် သားရေဖုံးစာအုပ်ထဲရှိ အကြောင်းအရာများကို ဆက်လက်ဖတ်ရှုနေမိပြန်၏

ထိုသို့ဖတ်ရှုရင်း စာအုပ်အတွင်းရှိ နည်းလမ်းများကို နှစ်သက်သဘောကျနေမိ၏ ။

တစ်နေရာတွင် တိဘက်လူမျိုး စွန်လွှတ်ဝါသနာပါခြင်းကို ဖော်ပြထား၏ ။ စွန်ကို လေဟုန်စီး ပြီး မြင့်သည်ထက်မြင့်အောင် လွှတ်တတ်ကြ၏ ။

လူ့ဘဝတွင်လည်း မိမိအလုပ်ကို အတိုးတက်ဆုံးဖြစ်အောင် လုပ်ရမည်။

စွန်ကို အမြင့်ဆုံးရောက်အောင် လွှတ်သကဲ့သို့ မိမိလုပ်ကိုင်သော အလုပ်ကို အကောင်းဆုံး ဖြစ်အောင် အားထုတ်ကြိုးပမ်းရမည်။

စွန်လွှတ်ရာတွင် လေဟုန်စီးရသကဲ့သို့ ကံအခွင့်အလမ်းသင့်မည့်အခါကောင်းကိုစောင့်၍ မိမိရရလုပ်တတ်ရမည်ဟု ဖော်ပြထား၏ ။

မမြလေးသည် စာအုပ်ကလေးကို ဖတ်ရှုရင်း နှစ်သက်နေမိလေ၏ ထို့ကြောင့် စိတ်ဝင်တစား ဆက်လက်ဖတ်ရှုပြန်၏ ။

တစ်နေရာတွင် လူသည် နေ့စဉ်မှန်ကြည့်သောအခါ မိမိကိုယ်မိမိ အမှန်ကန်ဆုံး မြင်တွေ့ရ၏ ။ ထို့အတူ လူသည် မိမိကိုယ်မိမိ အမှန်အတိုင်းမြင်အောင် ကြည့်ရမည်။

မိမိ၏ အားနည်းချက်၊ အားသာချက်များကို အမှန်အတိုင်း သုံးသပ်ကြည်ရမည်။ လူသည် မိမိ၏ အမှားကို အမှန်အတိုင်း သုံးသပ်ဝံ့သူ ရှားလှ၏ ။

မိမိ၏ အားနည်းချက်များကို အမြန်ဆုံးမြင်အောင်ကြည့်၍ ပြုပြင်ရန် ကြိုးစားရမည်။

စာအုပ်ထဲတွင်ဖော်ပြထားသော ကြီးပွားအောင်မြင်ရေးနည်းလမ်းများ အလွန်များပြားစုံလင် ၏ စာအုပ်ကို တစ်ရွက်ပြီးတစ်ရွက် လှန်လောဖတ်ရှုရင်း သူမ၏ စိတ်ဓာတ်များ တက်ကြွလာ၏ ။

မမြလေးသည် စိတ်လှုပ်ရှားလွန်း၍ ထိုညက တစ်ညလုံးအိပ်မပျော်ဘဲ မိုးစင်စင်လင်းသွား ၏ ။ မမြလေးသည် မိုးလင်းသောအခါမှပင် မှေးခနဲ အိပ်ပျော်သွားလေတော့၏ ။

သူမသည် နေမြင့်သောအခါ အိပ်ရာမှနိုးလာ၏ ။ ထိုအခါ ရှေးဆန်သောအိမ်ကြီးတွင် တစ်စုံတစ်ဦးကိုမျှ မမြင်ရတော့ချေ၊ အိမ်ကြီး၏ ဧည့်ခန်းထဲတွင် စာတစ်စောင်ကိုသာမြင်ရ၏ ။

စာထဲတွင် မိန်းမချောနှင့်အဖွဲ့သားများ ထွက်ခွာသွားကြောင်း ဖော်ပြထားပြီး တစ်နေ့နေ့ တစ်ချိန်ချိန် ပြန်လည်ဆုံတွေ့ချိန်၌ သူဌေးမကြီးအဖြစ် မြင်ချင်းကြောင်း ရေးထား၏ ။

စာ၏ အဆုံးသပ်တွင် စန္ဒာဒေဝီဟု ရေးထိုးထားသဖြင့် မမြလေးသည် မိန်းမချော၏ အမည် ကို သိလိုက်၏။ စန္ဒာဒေဝီကို တစ်နေ့နေ့တွင် ကျေးဇူးပြန်ဆပ်ခွင့်ရရန် ကြိုးပမ်းရပေတော့မည်။

*****